http://www.dhammadownload.com




# မဂ္ဂင်အလုပ်မှတစ်ပါး ကယ်မည့်သူမရှိ

(၄–၈–၆၁)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ (၄) ပါးတရားတော် အမှတ်စဉ် (၁၆) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမ္ဘာ့အမြို့ရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# မဂ္ဂင်အလုပ်မှတစ်ပါး ကယ်မည့်သူ မရှိ

(၄-၈-၆၁)

လူတွေက တော်တော်ကျပ်တယ်နော် (မှန်ပါ့)၊ ကျောင်းကြီးပေါ်လဲ ပြည့်၊ ဒီက တိုက်လဲ ပြည့်နေပြီ၊ ဘေးလဲ နေစရာမရှိဘူး (မှန်ပါ့ဘုရား)၊ သည်းခံပြီးသကာလ ဒကာဒကာမတွေ ကိုယ့်အရေးရယ်လို့ မှတ်ပြီးသကာလ နာကြတော့နော်.... (မှန်ပါ့ဘုရား)။

အိုက်တယ်, ပူတယ်, လူငွေ့တွေကပူတယ်ဆိုတာလဲ သည်းခံကြပေတော့ (မှန်လှပါ)၊ ငရဲနဲ့ စာပြီးသကာလ ဒီဥစ္စာ မဖြစ်လောက်ဘူးဆိုတာ မှတ်ကြပေတော့ (မှန်လှပါ)၊ ငရဲလွတ်ရေးသာ အရေးကြီးတာပါ၊ ဒီ အိုက်ရေး, ပူရေးကတော့ ဒါလောက် အရေးမကြီးပါဘူး....(မှန်ပါ့)။

ဒါကြောင့် အားလုံး ဒကာဒကာမတွေ အခု တရားနာလာကြတယ်ဆိုတဲ့ဥစ္စာ....ဘာကိစ္စတုံး....လို့ မေးဖို့ မလိုပါဘူး၊ ကိုယ့်ကိုယ်ကို ကယ်တင်ဖို့လာကြတာဒပဲလို့ မှတ်ကြပါ နော်.... (မှန်လှပါဘုရား)။

http://www.dhammadownload.com

(၂)

ဘာကိစ္စလာကြတာပါလိမ့်.... (ကိုယ့်ကိုယ်ကို ကယ်တင်ဖို့ လာကြတာပါဘုရား)။

တပည့်တော်တို့က ဘယ်အခြေအနေလဲ ဘယ်လိုများဖြစ်နေလို့ ကိုယ့်ကိုယ်ကို ကယ်တင်တာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ဒကာဒကာမတို့ ယခုအချိန်မှာလဲ ခန္ဓာကိုယ်ကြီးက အိုက်တယ်, ပူတယ်, ကျင်ကြီး, ကျင်ငယ်ကိစ္စတွေနဲ့ ဒုက္ခပေးနေတာပဲ....(မှန်လှပါဘုရား)။

တရားပွဲပြီးတယ် ဆိုလို့ရှိရင်လဲ အခု ဘာပေးမယ် ထင်ကြသတုံး... (ဒုက္ခပဲပေးမှာပါဘုရား)။

အိမ်ပြန်ရောက်တဲ့ အခါကျလို့ရှိရင်လဲ ဘာများ လုပ်ကိုင်ရမတုံးဆို ဒီခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာပဲ.... (မှန်ပါ)၊ ဒီအတိုင်းအသက်တိုင်းနေလို့ စုတေပြန်တော့လဲ စုတိစိတ်ကလေးကလဲ ဒုက္ခသစ္စာ.... (မှန်ပါ)၊ နောင် ပဋိသန္ဓေ နေရတာကော ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဪ.... ဒါဖြင့် ဒကာဒကာမတို့ အခုနေရတာလဲ ဒုက္ခသစ္စာ... သေရတာလဲ ဒုက္ခသစ္စာ (မှန်ပါ)၊ နောက်တစ်ဖန် ပဋိသန္ဓေ နေရတော့ကော.... (ဒုက္ခသစ္စာပါပဲဘုရား)။

ဪ....ဒါကြောင့် တပည့်တော်တို့ဟာ ဒုက္ခသစ္စာ အဆက်မပြတ် အလုံးစုံစပ်ပြီးသကာလ နေတဲ့အတွက် တပည့်တော်တို့ ဒုက္ခဖြင့် အရှင်ဘုရား....ကယ်တင်ရာ ကယ်ဘင်ကြောင်း ဖြစ်တဲ့ နည်းကောင်း ပြတော်မူပါဆိုပြီးသကာလ လာကြရတယ်.... မှန်ပါဘုရား)။

http://www.dhammadownload.com

(၃)

အဲဒါကြောင့် ပဋိသန္ဓေ နေဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးနဲ့စာရင် ယခုနေရတဲ့ အိုက်၊ ပူလိုက်တဲ့ ဘေးဟာ မဖြစ်လောက်ပါဘူး....(မှန်လှပါ)။

ဒါကြောင့် ဒကာဒကာမတွေ ကျပ်တည်းတယ်, ကျဉ်းမြောင်းတယ်ဆိုတာ နေရာက ကျပ်တည်း ကျဉ်းမြောင်းလို့ မဟုတ်ဘူး....(မှန်လှပါဘုရား)၊ ကိုယ့်ကိုယ်ကို ကယ်တင်ချင်တဲ့ လူကမျှားလွန်းလို့ကျပ်တည်းကျဉ်းမြောင်းတာ....(မှန်လှပါ)၊

ဒါကြောင့် ဒကာဒကာမတွေ ဒီအရေးဟာ ဘာမှ မဖြစ်လောက်ဘူး၊ ဒိုင်ရဲမီးကလေး တစ်ခုတည်းထဲမှာ ဒို့အကြောင်းမညီညွတ်လို့ ကျသွားမယ်ဆိုလို့ရှိရင် ပိုးစုန်းကြူးလောက် ငရဲမီးသည် လှည်းဆယ်စီးတိုက်လောက်ထင်းအစိုတွေကိုကျသည်နဲ့ တစ်ပြိုင်နက်တည်း ပြာဖြစ်နိုင်တယ်ဆိုတာကို ထောက်လိုက်လို့ရှိရင် ဒီဒုက္ခဟာ ဖြစ်လောက်သေးသလား.... (မဖြစ်လောက်ပါဘုရား)။

ဒါကြောင့် အားလုံး ဒကာဒကာမတွေ ဒီ ဒုက္ခကိုဖြင့် သည်းခံကြပါ ဆိုတာ ဆရာဘုန်းကြီးက မေတ္တာရပ်တယ် နော်....(မှန်လှပါဘုရား)။

နေရာတွေက ကျဉ်းလို့လား, ကျယ်လို့လား၊ ဘယ်လောက် ကျယ်ကျယ် ပရိသတ်မျှားလို့ရှိရင် ဒကာကြွယ် ကျပ်ရတာပဲ.... (မှန်ပါဘုရား)။

ဒါကြောင့် သည်းခံကြပါ၊ ကိုယ့်အရေးသာ ကိုယ်အဓိက ထားပြီးသကာလ ဒီတွေ့ရတဲ့ ဒုက္ခကြီးဟာလဲပူတယ်, အိုက်တယ် လူတွေကမျှားလို့ ကျပ်တယ်ဆိုတဲ့ဒုက္ခ၊ ကျင်ကြီး, ကျင်ငယ်သွားလာဖို့မလွယ်ကူတဲ့ဒုက္ခဟာ ခန္ဓာကလာတယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com

# (၄)

ဘယ်က လာပါလိမ့်.... (ခန္ဓာက လာပါတယ်ဘုရား)။ ဪ....ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ဖြစ်စဉ်ပါလား-(မှန်ပါ)၊ ဘယ်သူ့ ဖြစ်စဉ်ပါလိမ့်....(ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်ပါဘုရား)။

ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ ဖြစ်စဉ်ဆိုတော့ ဒီခန္ဓာကြီး ဘယ်ထား ထား ဒီလိုနေမှာပဲ....(မှန်ပါ)။

ဒါကြောင့်ဆရာဘုန်းကြီးကခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်, တဏှာသိမ်းပြီး ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒကာ ဒကာမ တွေအား ကယ်ယူ ပို့ဆောင်ပြီးသကာလ နိဗ္ဗာန်သောင်ကမ်း လွတ်လပ်တဲ့ နေရာဌာန, အေးချမ်းတဲ့ နေရာဌာန သန္တိသုခ ဖြစ်တဲ့ နိဗ္ဗာန်ကြီးကိုဖြင့် ဒကာဒကာမတွေ ဒီဒုက္ခမြင်သဖြင့်လဲ အရယူတော့မှာပဲ ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါ)၊ သဘောကျသလား (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်.... ဒကာ ဒကာမတို့ ဒီနေ့ပြဖို့ အရေး ဟာက ဒိဋ္ဌိခွာဖို့ အရေးပါပဲ.... (မှန်လှပါဘုရား)၊ သို့ရာတွင် ပြစရာနေရာနဲ့ ဒီပရိသတ်တွေမြင်ရတဲ့ပုဂ္ဂိုလ်တွေကသုံးပုံတစ်ပုံ၊ မမြင်ရတာက သုံးပုံနှစ်ပုံလောက် ဖြစ်နေတယ်.... (မှန်လှပါ)၊ အဲဒါကြောင့် ပြမည့်အရေးကို နက်ဖြန်ကျမှ ပြမယ်၊ ဒီနေ့တော့ဖြင့် မဂ်က ဒကာဒကာမတွေကို ကယ်တင်ပုံ မဂ်မှ တစ်ပါး ကိုးစားရာမရှိပုံကို ဒကာကြွယ် သေသေချာချာ မှတ်ရမယ်.... (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် တရားပဲ ဂရုစိုက်ကြပါ၊ သုဗြဟ္မ နတ်သား ဆိုတာ လူ့ပြည်က ကောင်းမှု ကုသိုလ်တွေလုပ်ပြီး သကာလ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ နတ်ပြည် တက်သွားတယ်နော် (မှန်ပါ)။

http://www.dhammadownload.com

# (၅)

သုဗြဟ္မနတ်သားတဲ့ ဒကာဒကာမတို့၊ လူ့ပြည်က ကောင်းမှုကုသိုလ်တွေကြောင့် နတ်ပြည်ရောက်ရတယ်၊ နတ်ပြည်ရောက်တဲ့အခါကျတော့ ဒကာဒကာမတွေ မှတ်လိုက်တာပေါ့၊ သူ့မှာ ကြင်ရာတော်ပေါင်းတစ်ထောင်ရှိတယ် (မှန်ပါ့)။

ကြင်ရာပေါင်းတစ်ထောင် ရှိတယ်ဆိုတော့ ဒကာသစ်ရေအင်မတန်ပျော်ရွှာမှာပေါ့ (မှန်ပါ့)။

အဲဒီလိုပျော်တော့ တစ်နေ့သဥ္ဇကျတော့ ဥယျာဉ်ထွက်ပါတယ်၊ ဥယျာဉ်ထွက်တဲ့အခါကျတော့ ပင်လယ်ကသစ်ပင်ကြီးရှိတယ်၊ အဲဒီပင်လယ်ကသစ်ပင်ကြီးကလဲ ပွင့်လိုက်တာ ဝေဖဝဆာလို့ (မှန်ပါ့)၊ အဲဒီ ကသစ်ပင်ပေါ်မှာ နတ်သမီး ငါးရာတွေက ပန်းပွင့်တွေ ဆွတ်ခူးပြီးသကာလ အောက်သို့ ချရပါတယ် (မှန်ပါ့)၊အောက်က နတ်သမီး ငါးရာက အပ်ချည်တွေနဲ့အပ်နဲ့ သီကုံးပြီးသကာလ နတ်သားထိုင်နေတဲ့အခါ လည်ပင်းသွားသွားပြီးသကာလ အမွှေး့အကြိုင် လှုပမှုတွေနဲ့ ပြင်ဆင်ပြီးသကာလ ပေးကြရတယ် (မှန်ပါ့)။

ဒကာသစ် စည်းစိမ်ရှိရင် မလွဲပါဘူး (မှန်ပါ့)။

အဲဒီစည်းစိမ်ရှင်ကြီးသည်ကားဆိုလို့ရှိရင် ဒိဋ္ဌကမပြုတ်ဘဲနဲ့ ဒကာကြွယ်နတ်ပြည်တက်သွားတယ် (မှန်ပါ့)၊ ဒိဋ္ဌမပြုတ်ဘဲနဲ့ နတ်ဖြစ်ရတယ် (မှန်ပါ့)။

ဒိဋ္ဌိမပြုတ်ဘဲနဲ့ နတ်ဖြစ်ပြီးသကာလ နေရတော့ နတ်သားကလဲ ဒိဋ္ဌိမပြုတ်တဲ့ နတ်သားဆိုတော့ ဒကာသစ် သောတာပန်လို့ ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘူးရား)။

နတ်သမီး တစ်ထောင်ကလဲ ထို့အတူပဲ၊ ဒိဋ္ဌိမပြုတ်ဘဲနဲ့ ကုသိုလ်လုပ်လို့တော့ ရပါရဲ့၊ ကုသိုလ်လုပ်လို့ နတ်ပြည်ရောက်

http://www.dhammadownload.com



တာတော့ ဒကာကြွယ်တို့ ဦးလှဘူးတို့ ငြင်းဖို့ လိုသေးသလား (မလိုပါဘုရား)။

မလိုပါဘူးတဲ့၊ မလိုပင် မလိုငြားသော်လဲ သူ့ကုသိုလ်က စိတ်ချရတဲ့ကုသိုလ်လား၊ အထိမခံ ရွှေပန်းကန် ကုသိုလ်လား ဆိုတာ စဉ်းစားဖို့ ကြုံလာတယ် (မှန်ပါ့)၊ ဘယ်လိုကုသိုလ် ပါလိမ့် (စိတ်မချရတဲ့ကုသိုလ်ပါဘုရား)။

ဒါဖြင့် ကုသိုလ်ကိုလုပ်ငြားသော်လဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒိဋ္ဌိပြုတ်တဲ့ ကုသိုလ်မှသာလျှင် ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ စိတ်ချရမယ်(မှန်ပါ့)၊နို့မဟုတ်ရင် စိတ်ချရပါ့မလား (မချရပါဘုရား)။

အေး .... ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ရွှေနောက် မလဲ့ကြပါစေနဲ့ဆိုတာ ဒီတရားပွဲက မှာပါတယ်.... (မှန်ပါ့)။

ဒိဋ္ဌိအရင် ပြုတ်ပြီးမှ ကုသိုလ်လုပ်လို့ရှိရင် သိပ်ကောင်းပါ တယ်....(မှန်ပါ့)၊ တက်သွားလဲ ပြန်မကျဘူးပေါ့ (မှန်ပါ့)၊ သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိပြုတ်မှုနဲ့ ကုသိုလ်လုပ်မှု ဘယ်ဟာ ရှေ့ထားရ မယ် (ဒိဋ္ဌိပြုတ်မှု ရှေ့ထားရပါမယ်ဘုရား)။

ဒိဋ္ဌိပြုတ်ပြီးမှ ကုသိုလ် လုပ်လိုက်ရလို့ရှိရင် ဒကာကြွယ်.... တက်သွားရင် ပြန်ကျနိုင်သေးရဲ့လား (မကျနိုင်ပါဘုရား)။

အခု ဒကာကြွယ်တို့ လုပ်နေကြတာက ပြောင်းပြန်ကြီး ပါ... (မှန်ပါ့)၊ ဦးလှဘူးတို့ ဘယ့်နှယ်ထင်ကြသလဲ (ပြောင်း ပြန်ကြီးပါ)၊ ပြောင်းပြန်ကြီး ဖြစ်နေတယ်ဆိုတာ ပေါ်ကြ ပလား(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



သို့သော်...မသိသေးလို့ မမြင်ရသေးတာကို ဘုန်းကြီးများက အမြစ်မဆိုပါဘူး (မှန်ပါ့)၊ သိတဲ့အချိန်ကစပြီး သကာလ မြင်ဖို့အလုပ်လုပ်ရတော့မယ် ဆိုတာဖြင့် သတိထားဖို့ အရေးကြုံလာပြီဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ရမယ် (မှန်ပါ့)၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါနဲ့ နတ်သားက ဒကာဒကာမတို့ ဖျတ်ခနဲဆို ခုနင်က အပေါ်မှာ ပန်းခူးနေတဲ့ နတ်သမီးငါးရာကို ဥပစ္ဆေဒကကံဆိုတာ ဖြတ်ချလိုက်တယ်(မှန်ပါ့)၊ ဖြတ်ချလိုက်တော့ ငရဲမှာ တစ်ပြုံကြီး ငါးရာစလုံးရောက်သွားတယ် (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီကံ ဒါလောက် ဖြတ်ပါလိမ့်မလဲလို့.... ဒကာသစ်တို့ မေးဖို့ မလိုဘူးလား.... (လိုပါတယ်)၊ ဒိဋ္ဌိမပြုတ်သေးတော့ ငရဲမျိုးစေ့ပါသွားလို့လို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် ... (ငရဲမျိုးစေ့ပါသွားလို့ပါဘုရား)၊ ငရဲမျိုးစေ့ ပါသွားလို့ဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အေး...ဒါ့ကြောင့် ငရဲမျိုးစေ့ပါသွားတော့ ဒကာကြွယ် ပန်းပင်ပေါ် ပန်းခူးရင်း စုတိစိတ်ကျတယ်နော်(မှန်ပါ့)၊ စုတိစိတ်ကျ စုတိပြီး ဖျတ်ဆိုငရဲပဋိသန္ဓေက ပေါ်လာတယ်၊ ငရဲမှာပဲ အကုန်ရောက်ကြရတယ်ဆိုတော့ အင်မတန်မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)။

အင်မတန် နစ်နာတော့တယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်မိပြီ (မှတ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဩော်.... ကုသိုလ်သည်ကားလို့ဆိုရင် တင်တော့တင်လိုက်တာပဲ၊ ဘယ့်နှယ်ကြောင့် ဥဖစ္စေဒကကံတွေကဖြတ်ချလိုက်ပါလိမ့်မလဲ၊ ကောင်းသော အကျိုးပေးခြင်းကို မကောင်းသောကံကဖြတ်ချပါလိမ့်မလဲ့လို့ ဒကာသစ် မေးဖို့ မလိုဘူးလား.... (လိုပါတယ်)၊ ဒိဋ္ဌိမပြုတ်သေးတော့ ဖြတ်နိုင်တယ် (မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဒိဋ္ဌိမပြုတ်သေးတော့ ဖြတ်နိုင်ပါတယ်ဘုရား)၊ ဒိဋ္ဌိ မပြုတ်သေးတော့ ဖြတ်နိုင်တယ်ဆိုတော့ ဩော်.... ဒိဋ္ဌိမပြုတ်ဘဲ့ ကုသိုလ်အလုပ်ဟာဖြင့် ဒကာကြွယ် စိတ်ချရပါ့မလား (စိတ်မချရပါ)၊ ဦးလှဘူး.... (စိတ်မချရပါ)၊ နောက်က ဒကာဒကာမတွေ (စိတ်မချရပါဘုရား)။

စိတ်မချရသေးတော့ ဘုန်းကြီးများ ဒိဋ္ဌိပြုတ်နည်း နိဗ္ဗာန်ရနည်းကိုဖြင့် အကြိုးအကျယ်ပဲ ဒကာဒကာမတွေကိုချီးမြှောက်နိုင်သလောက် ချီးမြှောက်မှသာလျှင် တက်သွား ပြန်မကျတဲ့နေရာကိုရောက်ရတော့မယ်ဆိုတာဖြင့် ယနေ့ သေသေချာချာမှတ်ရပါလိမ့်မယ် (မှန်ပါ)။

ကိုင်း.... ဒါနဲ့ အခု ပန်းခူးနေတဲ့ နတ်သမီး ငါးရာကို နတ်သားက အပေါ် မော့ကြည့်တယ်၊ အရင်တော့ သီချင်းတကြော်ကြော်နဲ့ ပန်းတွေကလဲ အောက်ကို ဝေဝေဆာလာအောင် ကျလာတယ်၊ အခုဘယ့်နှယ့်ကြောင့် မကျပါလိမ့်မလဲလို့ ကြည့်လိုက်တော့ နတ်သမီးတွေကလဲ တစ်ယောက်မှမရှိ၊ ပန်းကလဲတစ်ပွင့်မှမကျ၊ ဩော် .... ဘယ်များသွားလို့ ဘယ်များရောက်ကြပါလိမ့်မလဲ သူပြဟ္မနတ်သားက ဒကာသစ်နတ်မျက်စိနဲ့ကြည့်လိုက်တယ် (မှန်ပါ)။

http://www.dhammadownload.com

# (၉)

နှတ်မျက်စိနဲ့ကြည့်လိုက်တော့ ဟို....အဝီစိမှာဒကာဒကာမ တို့ တအော်အော် တအင်အင်နဲ့ ခံနေကြတဲ့ အဖြစ်ကြီး သွားမြင်တယ်.... (မှန်ပါ)။

ဒကာ ဒကာမတို့ ကောင်းစားတာ ကြာရဲ့လား....(မကြာပါ)၊ ဘယ့်နှယ်ကြောင့် ဒီကကနေ ဖြတ်ပြီးသကာလ နတ်ပြည်ကနေ အပါယ် တိုက်ရိုက် ပို့လိုက်ပါလိမ့်မလဲဆိုတာ ဦးလှဘူး မေးဖို့မလိုဘူးလား....(လိုပါတယ်)၊ လိုတယ်ဆိုတာ သဘောကျပြီ....(ကျပါပြီ)၊ ဒိဋ္ဌိမပြုတ်ဘဲ ဖြစ်သွားလို့-လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် (ဒိဋ္ဌိမပြုတ်ဘဲဖြစ်သွားလို့ပါဘုရား)။ ဩော်.... ဒိဋ္ဌိမပြုတ်တဲ့ အဖြစ်ဟာဖြင့် ဒကာသစ်ရေ....အတော်ဆိုးတယ် ဆိုတာ ပေါ်လာတယ်.... (မှန်ပါ)။

ဒါဖြင့် ဒိဋ္ဌိပြုတ်ပြီးမှ လုပ်တဲ့ ကုသိုလ်မျိုးကျတော့ ငရဲမျိုးစေ့က ဝမ်းထဲမှာ မပါတဲ့ အတွက် ပြန်ကျစရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ ဒိဋ္ဌိပြုတ်မှုနဲ့ ဒါန, သီလလုပ်မှုတို့ကို ဒိဋ္ဌိပြုတ်မှုကို ဆရာဘုန်းကြီး နည်းပေးပြီး ရှေ့ထားပြီး ဒါန,သီလ အကြီးအကျယ် ' လုပ်ကြတာပေါ့.... (မှန်ပါ)၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယခုတွေ့ရတဲ့ဖြစ်ထွေ့ သုဗြဟ္မနတ်သား၏....နတ်သမီးငါးရာဖျတ်ဆို ဥပစ္ဆေဒကကံတွေက ပန်းပင်ပေါ်တွင် ဖြတ်ချလိုက်တာ ဒကာသစ်ရေ... ငရဲအိုးထဲ ငါးရာ စလုံး ရောက်သွားကြတယ်.... (မှန်ပါဘုရား)။

http://www.dhammadownload.com

# (၁၀)

ကိုယ့်အတွက်ရော ကျန်တဲ့ ပန်းကုံးနေတဲ့ နတ်သမီး ငါးရာ အတွက်ပါ စဉ်းစားလိုက်တဲ့ အခါကျတော့ သူတို့လဲ နောက် ခုနစ်ရက်ဆိုရင် ဒီငရဲပဲ ရောက်ရမှာ မြင်ပြန်တယ်....(မှန်ပါ့) ဒကာ ဒကာမတို့ နောက် ခုနစ်ရက် ဆိုရင် ဘယ်ရောက်မတဲ့ တုံး.... (ဒီငရဲပဲ ရောက်ရပါမယ်ဘုရား)။

ဒီငရဲပဲရောက်ဖို့မြင်ပြန်တော့ အင်း . ခုနင်က လွန်ပြီးသား အတွက် စိုးရိမ်လို့မှမပြီးသေးဘူး၊ လာလတ္တံ့ အတွက်က စိုးရိမ် စရာတွေ ပေါ်နေတယ်... (မှန်ပါ့)၊ လာလတ္တံ့က သူတို့ အတွက်ပေါ့ဗျာ.... (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ လွန်ပြီးသားအတွက် စိုးရိမ်တာလဲ မရှိဘူးလား - (ရှိပါတယ်)၊ အရင် နတ်သမီး ငါးရာ ငရဲ ကျသွားလို့ သူ့ စိတ်ထဲစိုးရိမ်နေတဲ့ လွန်ပြီးသား စိုးရိမ်မှုကလဲ တစ်ခုပေါ့ဗျာ.... (မှန်ပါ့)။

လာလတ္တံ့ စိုးရိမ်မှုကလဲ သူ့ဟာသူ ပြန်ကြည့်ပြန်တော့ ခုနစ်ရက်ရှိတဲ့အခါမှာ ဒီငရဲပဲ အတူတူ သွားပြီးသကာလ ခံရ တော့မယ် ဆိုတာ ကိုလဲ နတ်မျက်စိနဲ့ ကြည့်လိုက်တဲ့ အခါ မြင်ပြန်တယ် ဆိုတော့ အနာဂတ် အတွက် စိုးရိမ်မှုကလဲ မပေါ်လာဘူးလား.. (ပေါ်ပါတယ်ဘုရား)။

ဒကာကြွယ် စိုးရိမ်မှု ဘယ်နှစ်ခု ဖြစ်နေသတုံး.... (နှစ်ခု ဖြစ်ပါတယ်ဘုရား)။

နှစ်ခုဖြစ်တယ်နော် ...(မှန်ပါ့)၊အတိတ်အတွက် စိုးရိမ်မှုက (တစ်ခုပါ)၊ အနာဂတ်အတွက် စိုးရိမ်မှုက (တစ်ခုပါဘုရား) နှစ်ခုပဲဆိုတာတွေတော့ ဒကာသစ်....စိတ်ချမ်းသာစရာအတွက် ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

http://www.dhammadownload.com

# (၁၁)

အရှင် ပျော်လာသည်ရွှေ့ဟာ အပျင်းကြီး ပျင်းပြီးသကာလ အကြောက်ကြီး ကြောက်နေရပြီ ဆိုတာဖြင့် ဒကာ ဒကာမတို့ အထင်အရှား ဖြစ်သွားပြီ.... (မှန်ပါ)၊ မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

အေး....ဒါတွေ စဉ်းစားလိုက်တဲ့ အခါကျတော့မှ ဒိဋ္ဌိမပြုတ်တဲ့ ကုသိုလ် လုပ်ရခြင်းသည် ဒကာကြွယ် စိတ်မချရပါလား .. (မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘာဟောခါလိမ့် (ဒိဋ္ဌိမပြုတ်တဲ့ကုသိုလ်ဟာ စိတ်မချရပါဘုရား)၊ ဒိဋ္ဌိမပြုတ်တဲ့ ကုသိုလ် လုပ်တော့ စိတ်မချရဘူးဆိုတာသေချာကြပလား(သေချာပါပြီဘုရား)။

အဲ...ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝတ္ထုကြောင်းကို ရှည်ရှည်ကြီး ထုတ်ချင်လို့ မဟုတ်ဘူးနော်.... (မှန်ပါ) ဒိဋ္ဌိပြုတ်နည်း နိဿရည်းကိုဖြင့် ပိုင်ပိုင်ကြီးအရကြီး ရပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ ဒိဋ္ဌိပြုတ်နည်း နိဿရည်းကို ဟောမလို့ ဒီဝတ္ထု ရှေ့ပိုင်းကနေပြီး သကာလ ဒကာကြွယ်ထားရခြင်း ဖြစ်ပါတယ်ဆိုတာ သဘောပါပလား.... (ပါပါပြီဘုရား)။

သို့သော်... ဒကာ ဒကာမတို့ ဒီနတ်သားမှာ ယခုအတိတ်အတွက်ကပါ သူ့စိတ်ထဲ ဝမ်းထဲမှာ မီးဟုန်းဟုန်းတောက်နေတယ်... (တောက်ပါတယ်ဘုရား)။

အနာဂတ်အတွက် သူနဲ့တကွ ကျန်တဲ့ နတ်သမီး ငါးရာအတွက် စဉ်းစားလိုက်ပြန်တော့လဲ မီးဟုန်းဟုန်းတောက်နေတယ် (မှန်ပါ)၊သောကပရိဒေဝတွေ သိပ်မများဘူးလား.... (များပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ....ဒါဖြင့် ဒကာဒကာမတွေ ငရဲမျိုးစေ့ ဝမ်းထဲမှာ ရှိနေသရွေ့ ကာလပတ်လုံး မည်သည့် နည်းနဲ့မှ စိတ်ချစရာ မရှိဘူးဆိုတာဖြင့် ဒီ သုဗြဟ္မ နတ်သား ဝတ္ထု ထောက်လိုက် သဖြင့်လဲ ဒကာသစ်သိလောက်ပြီ ...(သိလောက်ပါပြီဘုရား)။

အခု ဒကာဒကာမတွေ ဘုန်းကြီးက အင်မတန်ဝမ်းသာ ပါတယ်၊ တရားလာနာနိုင်ကြတယ်.... (မှန်ပါ့)၊ အရောင်း အဝယ်ကလေး ထိုက်တန်သလောက် ကိုယ့်ဟာကလေးနဲ့ကိုယ် ပြည့်စုံကြတယ်ဆိုတာ ဘုန်းကြီးများ အင်မတန် ဝမ်းသာပါ တယ်...(မှန်ပါ့)၊ သို့သော် ငရဲမျိုးစေ့ အတွက်က စိတ်မချ ရဘူး— (မှန်ပါ့)။

ဘယ်လိုပါလိမ့် (ငရဲမျိုးစေ့အတွက် စိတ်မချရပါ)၊ ဒိဋ္ဌိ မပြုတ်သေးတော့ ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ကြီး မမြင်ရသေးတော့ ဒိဋ္ဌိမပြုတ်သေးဖြစ်နေတယ်.... (မှန်ပါ့)။

ဒိဋ္ဌိက မပြုတ်သေးဖြစ်ပြီးသကာလနေတော့ ဪ....အခု အရောင်းအဝယ် ကောင်းလို့ သိန်း, သန်း, ကုဋေ ဆိုသလို ချမ်းသာကြငြားသော်လည်း နက်ဖြန် ငရဲ ရောက်နိုင်တာက ရှိနေတယ်... (မှန်ပါ့ဘုရား)၊ သဘက်ခါ ငရဲရောက်နိုင်တာက (ရှိနေပါတယ်ဘုရား)။

အဲဒီတော့ ဒကာသစ် စိတ်ချလက်ချ ဆရာသမားကနေ လို့ ကော တော်ပါ့မလား.... (မတော်ပါဘုရား)။

အင်း....အသိဉာဏ်ရှိတဲ့ ဒကာ ဒကာမတွေလဲ ကိုယ့်အရေး ကိုယ်တွေးလို့ ရှိရင်ဖြင့် အေးအေးနေလို့ တော်ပါ့မလား.... (မတော်ပါဘုရား)။

http://www.dhammadownload.com

# (၁၃)

ဒါ့ကြောင့် တရားတစ်ပွဲလုံး အားလုံး ဒကာ ဒကာမတွေ ငရဲမျိုးစေ့ ဝမ်းထဲမှာ နှင်မထုတ်သရွေ့ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိနဲ့ နှင်မထုတ်နိုင်သရွေ့ ကာလပတ်လုံးဖြင့် ယနေ့ စကြဝတေး မင်းကြီး ဖြစ်ငြားသော်လည်း နက်ဖြန် အဝီစိကောင်ကြီး ဖြစ် နိုင်တယ်(မှန်လှပါ) စိတ်ချရပါ့မလား(စိတ်မချရပါဘုရား)။

အဲဒီတော့ ဒကာကြွယ် ဒီတရားကို ဒိဋ္ဌိပယ်နည်း နိဿရည်း ဒိဋ္ဌိခွါနည်း နိဿရည်းကိုဖြင့် မရ-အရယူမကွ၊ လူတွေ ကျပ် လို့ထား၊ ဘယ်လိုပဲ တစ်ယောက် တစ်ယောက် ချွေးဒီး ကျနေ စေကာမူ ငရဲလောက် မဆိုးဘူးကွ ...ဆိုပြီး ယူရလိမ့်မယ် (မှန်ပါ့)၊ မယူရပေဘူးလား (ယူရမှာပါဘုရား)။

အေး....ဒါ့ကြောင့် ဒကာ ဒကာမတွေ သည်းခံပြီးသကာလ နေ့ကြပေတော့ ဆိုတဲ့ဥစ္စာ စောစောကလဲ မေတ္တာ ရှေ့ထား ပြောခဲ့တယ် (မှန်ပါ့)၊ သို့သော် အခု ရောက်မည့်အရေးနဲ့ စာ လိုက်တော့ အခု နေထိုင်ကြတဲ့ အရေးဟာ မဖြစ်လောက်ပါဘူး (မဖြစ်လောက်ပါဘုရား)။

ကိုယ်တွေ့ကြုံမည့်အရေးဟာ ဒီ ထက်အဆပေါင်း ထောင်, သောင်း, သိန်း, သန်းမက ကြီးတော့တယ် ဆိုတာ မပေါ်လာ ဘူးလား (ပေါ်လာပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ပူအိုက်လိုက်တာ၊ ဒါတွေ ဂရုမစိုက်ပါ နဲ့၊ အပေါ်မှာလဲ ပန်ကာတွေနဲ့ ထိုက်တန်သလောက် အအေး တော့ ရတာပဲ (မှန်ပါ့)၊ လူတွေ ကျဉ်းကျပ်တယ်၊ မလှည့်သာ မပတ်သာဘူး၊ ကိစ္စမရှိဘူးဟေ့....ငရဲ မျိုးစေ့ ဝမ်းထဲက ပြုတ် ရင် ပြီးတာပဲ....(မှန်ပါ့)၊ ဒါကိုသာ စိတ်ထားပြီး သကာလ ဒကာ ဒကာမတို့ လေးစားစွာနဲ့ ဘုန်းကြီးပြောတာ မှတ်ပြီး

http://www.dhammadownload.com



ဒိဋ္ဌိခွါနည်းနိဿယရည်းကိုလဲ မကြာမီဘဲ ပေးပါလိမ့်မယ်ဆိုတာ စိတ်ထဲမှာ မျှော်လင့်ထားပါ (မှန်ပါ့)။

ခင်မတန် အဖိုးတန်ပါလိမ့်မယ် ဆိုတာကိုလဲ တစ်သက်နဲ့ တစ်ကိုယ်ဖြင့် ငရဲနဲ့သေခန်း, ရှင်ခန်း ပြတ်ရမည့် အရေးဟာ ဘယ်တော့မှ ဒိုမကြုံခဲ့တာ ဒီတစ်ခါဖြင့် ဒို့ညာဏ်စွမ်းနဲ့ ဆရာ အကူအညီနဲ့ဖြင့် အောင်ပွဲ ယူသွားတော့မှာပဲ ဆိုတာ စိတ်ချပါ (မှန်ပါ့)၊ သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ကောင်းပြီ ...ဒါဖြင့် ဆရာကလဲ အစွမ်းကုန် ကူညီမယ်၊ ခင်ဗျားတို့ကလဲ တကယ့် ဝီရိယနဲ့ ပညာနဲ့သာ ခံယူကြမယ် ဆိုလို့ရှိရင်ဖြင့် ဒကာကြွယ်တို့.... ဒကာသစ်တို့ ဘာပူစရာ ရှိသေးသတုံး (မရှိပါဘုရား)။

ဒါ့ကြောင့် ကြိုးစားမယ်ဆိုတဲ့ စိတ်ကိုလဲ ဝမ်းထဲမှာပဲ ထား ကြပါ၊ မကြိုးစားဘဲနဲ့လဲ မရပေဘူးပေါ့ဗျာ (မှန်ပါ့ဘုရား)။

သို့သော် ဘုန်းကြီး စိုးရိမ်တာကလေးတစ်ခုတော့ ပြောချင် သေးတယ် ဒကာကြွယ်ရ (မှန်ပါ့)၊ အလုပ်လုပ်တာက မကြာ သေးတော့ ခန္ဓာကိုယ်ကြီးကလဲ အသေဘက် ပြေးနေတာက ရပ်လို့မရလို့ အသေစောမှာကို စိုးရိမ်ရတယ် (မှန်ပါ့)။

ဘယ်လိုပါလိမ့်(အသေစောမှာကို စိုးရိမ်ရပါတယ်ဘုရား)၊ အသေစောမှာ စိုးရိမ်ရတယ်ဆိုတာ ပေါ်ကြပလား (ပေါ် ပါပြီဘုရား)။

ဒါဖြင့်.... ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်တဲ့...မင်း အသေဖြင့် အစောမခံနိုင်ဘူးဟေ့ (မှန်ပါ့)၊ ဒိဋ္ဌိပြုတ်တာကို စောစောစီးစီး ပြုတ်စေရမယ်ဟေ့....ဆိုတဲ့ စိတ်ကိုဖြင့် ကြီးကြီး

http://www.dhammadownload.com



ကျယ်ကျယ် သန့်သန့်ထွားထွားနဲ့ မွေးထားပါ ဆိုတဲ့ဉစ္စာ အကာကြွယ်တို့၊ ဦးလှဘူးတို့ကို သတိပေးရတယ် (မှန်ပါ)။

အင့်မတန် အရေးမကြီးဘူးလားဗျာ (ကြီးပါတယ်)၊အင်မတန် အရေးကြီးတယ်ဆိုတာ ဒကာ ဒကာတွေ ပေါ်ကြပါပြီ (ပေါ်ကြပါပြီဘုရား)။

ကိုင်း....ခုနက ပြောခဲ့တဲ့ သုဗြဟ္မ နတ်သားမှာဖြင့်အတိတ်ကာသူ့ ခင်ပွန်းမ ငါးရာကြောင့်လည်း သောကတွေမီးဟုန်းဟုန်း တောက်နေတယ် (တောက်နေပါတယ်)၊ အနာဂတ် ခုနစ်ရက်ရှိရင် သူနဲ့တကွ ကျန်တဲ့ငါးရာလည်း ဒီငရဲအိုးပဲ သွားရတော့မယ်ဆိုတာ တကယ်သိပြီးသကာလ နတ်မျက်စိနဲ့ကြည့်လိုက်လို့ တကယ်သိနေတဲ့ အတွက်လည်း စိတ်အေးပါ့မလား (မအေးပါ ဘုရား)။

ဩော်-ဒါဖြင့် အတိတ်ကြောင့်လည်း ဒုက္ခတွေ ပင်လယ်ဝေနေပြီ....(ဝေပါတယ်)၊ အနာဂတ်ကြောင့်လည်း ဒုက္ခပင်လယ်ဝေနေပြီ (မှန်ပါ)။

အဲဒီတွင်မှ ကျုပ်တို့ ဂေါတမမြတ်စွာဘုရားကလည်း လူ့ပြည်မှာ ပွင့်တုန်းဆိုတော့ ဒကာကြွယ်ရေ—အရေးကြုံတော့ ဘုရား တ,တော့တာပဲ (မှန်ပါ)၊ အရေးကြုံတော့ ဘာဖြစ်ကြသတုံး (ဘုရား တ,ပါတယ်ဘုရား)။

အဲဒီတော့ အရေးကြုံလို့ ကိုင်း-ငါ့မှာအတိတ်ကြောင့်ဖြစ်တဲ့ သောကမီး,ပရိဒေဝမီး,ငါတို့ သွားရမည့် အနာဂတ်အတွက်ဖြစ်တဲ့ သောကမီး,ပရိဒေဝမီးတွေဘုရားမှတစ်ပါး ငြိမ်းနိုင်တဲ့ ပုဂ္ဂိုလ်၊ ကယ်နိုင်တဲ့ပုဂ္ဂိုလ် မရှိပါလားဆိုပြီး နတ်သမီး ငါး

http://www.dhammadownload.com



ရာနဲ့ သူနဲ့ ကျန်တဲ့ နတ်သမီးငါးရာနဲ့ သူဖြဟ္မ နတ်သားနဲ့ ဘုရားဆီ သွားကြတယ် (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ နတ်သားကြီး ဘယ်ရောက်သွားပလဲ.... (ဘုရားဆီရောက်သွားပါပြီ ဘုရား)။

လွယ်လွယ်ကူကူနဲ့ သွားသလား၊ သူ့ကိစ္စ အရေးတကြီးနဲ့ သွားသလား (သူ့ကိစ္စအရေးတကြီးနဲ့ သွားပါတယ်)၊ သူ့ကိစ္စ အရေးတကြီးနဲ့ သွားတယ်ဆိုတာဖြင့် ပေါ်လောက်ပါပြီ (ပေါ်ပါပြီဘုရား)။

သူ့ကိစ္စ အရေးတကြီးနဲ့ သွားတာ ထင်ရှားပြီးသကာလ နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လျှောက်လိုက်တယ်။

**နိစ္စံ ဥတြသတမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။**
**အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသုစ။**
**သစေ အတ္ထိ အနုတြသတံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။**

ဒီဂါထာ သူရွတ်လိုက်တယ်နော် (မှန်ပါ့ဘုရား)။

ဩော်....ဒီအဓိပ္ပါယ်က ပါဠိလိုရွတ်နေတော့ ဒကာဒကာမတွေ သိမယ်မဟုတ်တော့ အရှင်ဘုရားတဲ့၊ တပည့်တော် စိတ်ထဲမှာ မီးဟုန်းဟုန်းတောက်နေပါတယ် (မှန်ပါ့)၊တပည့်တော်မနောမှာဖြင့် ဘုရား ...တဲ့၊ ပူလောင်လှတဲ့စိတ်တွေ အင်မတန်များနေပါတယ် (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့ .... ဖြစ်ပြီးသော ကိစ္စတွေကြောင့်လဲ တပည့်တော် ပူခြင်း လောင်ခြင်း ဖြစ်ပါတယ်.... (မှန်ပါ့)၊ဖြစ်လတ္တံ့ ကိစ္စတွေကြောင့်လည်း တပည့်တော်ပူခြင်း လောင်ခြင်းဖြစ်ပါတယ် (မှန်ပါ့ဘုရား)။

http://www.dhammadownload.com

# (၁၇)

ဒါကြောင့်တဲ့ ဒီဖြစ်ပြီးသားကိစ္စလွန်တာမတတ်နိုင်လို့ရှိရင် ဖြစ်လတ္တံ့ကိစ္စ တပည့်တော်ကို ကယ်မ ယူဆောင်ပြီးသကာလ ပေးတော်မူပါဘုရား....ဆိုတော့ လွန်တဲ့ ငါးရာအတွက်တော့ မတတ်နိုင်ဘူးပေါ့ဗျာ (မှန်ပါ့)၊ အခု တပည့်တော်နဲ့တကွ ကျန်တဲ့ ငါးရာ နောက်ခုနစ်ရက် ဒီငရဲသွားရမှာဖြင့် အရှင်ဘုရား ကယ်ဖြစ်အောင် ကယ်တော်မူပါဘုရားလို့ သွားလျှောက်တယ် (မှန်ပါ့ဘုရား)။

အဲဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်မတန်အင်မတန် ပါရမီဆယ်ပါး အပြားသုံးဆယ်,စွန့်ခြင်းကြီး ငါးပါး, စရိယသုံးပါးတို့နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်လာလို့ ဘုရားအဖြစ်သို့ ရောက်တော်မူတော့ အလုံးစုံသိတဲ့ သဗ္ဗညုတဉာဏ်ရပြီးသား ကိုယ်တော်ကြီးက ဘယ်သူသည် ကယ်နိုင်ပါလိမ့်မလဲလို့ တွေးလိုက်တော့ ငါဘုရားလဲ မကယ်နိုင်ဘူး.... (မှန်ပါ့)၊ ပေါ်လာပြီ **ဒကာ** ဒကာမတို့(မှန်ပါ့ဘုရား)။

ဘုရားကို သွားအားကိုးတော့ဘုရားက ဘယ့်နှယ်တဲ့တုံး.... (မကယ်နိုင်ပါ)၊ သူ မကယ်နိုင်ဘူးတဲ့ (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ့်နှယ်တဲ့တုံး (သူမကယ်နိုင်ဖါဘူးတဲ့)၊ ဘုရားက မကယ်နိုင်ဘူးတဲ့ ဒကာဒကာမတို့ (မှန်ပါ့ဘုရား)။

ကြပ်ကြပ် သတိထားပါ၊ ဒကာဒကာမတွေက အရေးရှိတော့ ဘုရား....ဘုရားနဲ့ဆိုပြီး ဘုရားက မကယ်နိုင်ဘူးတဲ့.... (မှန်ပါ့ဘုရား)။

မကယ်နိုင်တော့ ကိုယ်တော်မြတ်ကြီးကို အားကိုးရတာ ဘာကျေးဇူးရှိသတုံး မေးဖို့မလိုဘူးလား၊ကယ်နည်းတော့ပေး

http://www.dhammadownload.com



နိုင်တယ်၊ကယ်တော့....(မကယ်နိုင်ပါ)၊ကယ်နည်းတော့ဖြင့်.... (ပေးနိုင်ပါတယ်ဘုရား)။

ဪ....ဒါဖြင့် အားလုံး ဒကာဒကာမတို့ ကယ်နည်းပေးပါဆိုတော့ သူ တရားပေးမှာပဲဆိုတာ ဒကာသစ် သေချာတယ် (သေချာပါတယ်ဘုရား)။

ကယ်နည်းပေးပါဆိုတော့ ဘာပေးမယ် ထင်ကြသလဲ .... (တရားပေးမှာပါဘုရား)။

မှတ်ထားစမ်း၊ မှတ်ထားစမ်း ဒကာဒကာမတွေ ဘယ်သူကယ်နိုင်တယ်၊ ယူနိုင်တယ်ဆိုတာ ပေါ်ပြီ .... (ပေါ်ပါပြီ)။ ဘယ်သူပါလိမ့် (တရားပါဘုရား)။

**နိစ္စံ ဥတြဿတမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။**

**အနုပ္ပန္နေသု ကိစ္ဆေသု၊ အထော ဥပ္ပတိတေသုစ။**

**သစေ အတ္ထိ အနုတြဿတံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။**

နတ်သားကလျှောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက-

**နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။**

**နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ''**လို့ ဘုရားက ဟောလိုက်တယ် (မှန်ပါဘုရား)။

ဗောဇ္ဈာတပသာ = မဂ္ဂင် ဗောဇ္ဈင် အကျင့်ကို (ဝါ)ဖြစ်ပျက်ရှုတဲ့အကျင့်ကို။ အညတြ=ကြဉ်ထား၍။ ပါဏိနံ = မင်းတို့ နတ်သားနဲ့ နတ်သမီးတွေအား။ သောတ္ထိံ၊ချမ်းသာခြင်းကို။ နပဿာမိ= ငါမမြင်ဘူးကွာတဲ့ (မှန်ပါ)၊ ဖြစ်ပျက်ရှုမှပဲမင်းတို့ကို ကယ်တင်နိုင်မှာပဲတဲ့ (မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘာရှုရမလဲ .... (ဖြစ်ပျက်ရှုရပါမယ်)၊ ဒါ ဟောရမယ်....ဒါ ဟောရမယ် (မှန်ပါဘုရား)။

http://www.dhammadownload.com



ကြည့်စမ်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါကိုယ်တိုင်တော့ မကယ်နိုင်ဘူးကွတဲ့.... (မှန်ပါ့ဘုရား)။

ဗောဇ္ဈာတပသာ = မဂ္ဂင်,ဗောဇ္ဈင် အကျင့်ကို။ အညတြ-ကြဉ်ထား၍။ ပါဏိနံ = မင်းနဲ့တကွ ငရဲသို့ရောက်လတ္တံ့သော နတ်သမီး ငါးရာတို့အား။ သောတ္ထိံ = ချမ်းသာရာကို။ နပဿာမိ = ငါမမြင်ဘူးတဲ့ (မှန်လှပါဘုရား)။

မဂ္ဂင်အကျင့်မကျင့်ဘဲနဲ့ မင်း ဒီကိစ္စကြီး လွတ်လိမ့်မယ်လို့ဆိုတာ ငါမမြင်ဘူးတဲ့ ...(မှန်ပါ့ဘုရား)။ မဂ္ဂင်အကျင့် ကျင့်လိုက်ရလို့ရှိရင် လွတ်ပါလိမ့်မယ်ကွတဲ့ (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ဘာကျင့် လိုက်ရင် လွတ်မယ်တဲ့တုံး.... (မဂ္ဂင်အကျင့်ကျင့်လိုက်ရင် လွတ်မယ်တဲ့ဘုရား)။

ဩော်....ဒါဖြင့် အားလုံး ဒကာဒကာမတွေ တော်သေးရဲ့ဟေ့....(မှန်ပါ့)၊တော်သေးရဲ့ ဒို့ဆရာဘုန်းကြီးကလဲ မဂ္ဂင်အကျင့်ကိုပဲ နေ့တိုင်းပြပြီးသကာက နေတော့ ဒို့ကယ်မည့်ယူမည့်သူ့ဝမ်းထဲမှာအရှိသားပဲ....(မှန်ပါ)၊ဆိုတော့အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား)။

ဒကာကြွယ်.... ဒါ ဘုရားကဟောတာနော် .... (မှန်လှပါဘုရား)။

ဗောဇ္ဈာတပသာ = ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို။ အညတြ = ကြဉ်ထား၍။ဗောဇ္ဈင်မဂ္ဂင်မှတစ်ပါးကွာ(မှန်ပါ့)။ပါဏိနံ = မင်းတို့ရောက်လတ္တံ့ဖြစ်တဲ့၊ မင်းနဲ့တကွ နတ်သမီးငါးရာဆိုတဲ့ သတ္တဝါတွေအား။သောတ္ထိံ = ချမ်းသာမည့် နည်းအစစ်ကို။ နပဿာမိ = မမြင်ဘူးကွာတဲ့.... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မဂ္ဂင်အကျင့် ကျင့်မှ လွတ်မှာပဲကွတဲ့ (မှန်ပါ့)၊ နို့မဟုတ်ရင်ဖြင့် မလွတ်ဘူးကွတဲ့ (မှန်ပါ့ဘုရား)။

ကဲ...ဘုရားက သူကိုယ်တိုင်ကယ်တင်သလား.... ဒီအကျင့်ကျင့်လို့ ပြောသလား .... (ဒီအကျင့် ကျင့်လို့ ပြောပါတယ်ဘုရား)။

ဒီအကျင့်ကို ကျင့်လို့ ပြောတာကို ထောက်လိုက်သဖြင့် ဒီဆရာဘုန်းကြီးက ဒီဒကာဒကာမတွေအား မဂ္ဂင် အကျင့်ကိုပဲကျင့်နည်းနဲ့တကွ နိဿရည်းကိုပဲ ပေးတော့မယ်.... (မှန်ပါ့ဘုရား)။

ဩော်....ဒီပေးတဲ့ နည်းသည်ကားဆိုရင် ဒိဋ္ဌိသတ်တဲ့နည်းပါလားဆိုလို့ရှိရင်လဲ လွဲစရာရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့မဂ္ဂင်အကျင့်မှတစ်ပါးကိုးစားရာ၊အားထားရာမရှိလို့ ယနေ့ဆုံးဖြတ်ချက်ချ (မှန်ပါ့ဘုရား)။

မဂ္ဂင် အကျင့်မှတစ်ပါး (ကိုးစားရာ၊ အားထားရာမရှိပါ)၊ကိုးစားရာ အားထားရာမရှိလို့ ယနေ့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘုန်းကြီးပြောတာလား၊ ဘုရားက ဟောတာလား ဆိုတာ အကဲခတ်ကြည့် (ဘုရားဟောတာပါဘုရား)။

ခုနင်က နတ်သမီးတွေက ခင်ဗျားတို့လောက်မကပါဘူး၊ တစ်ခါတည်း ရွှေအိမ်တွေ, ရွှေနန်းတွေနဲ့ ဟင်.... (မှန်ပါ့)၊ စိန်တွေ, ရွှေတွေ တွဲလောင်းနဲ့ ဖျတ်ဆို ဥပစ္ဆေဒက ကံကဖြတ်လိုက်တာ ငရဲအကုန်ရောက်တယ် .... (မှန်လှပါဘုရား)၊ ရွှေတွေ,စိန်တွေ ခင်ဗျားတို့က ရှာသာနေကြတယ်၊ ကာကွယ်လို့ ရရဲ့လား ....(မရပါဘုရား)၊ အခု ကာကွယ်မည့်တရားက

http://www.dhammadownload.com



ဘုရားက ဘာပြောပါလိမ့် (မဂ္ဂင် အကျင့်ပါဘုရား)၊ မဂ္ဂင် အကျင့်....ကျင့်မှု (မှန်ပါ)။

ဒကာ ဒကာမတို့ ဘာဟောလိုက်ပါလိမ့် (မဂ္ဂင် အကျင့်-ကျင့်မှုပါဘုရား)၊ မဂ္ဂင်မှု တစ်ပါး မင်းတို့ကို ကယ်တင်မည့်တရား ငါမမြင်ဘူးဆိုတော့ တန်းကုန်ပြီ (ကုန်ပါပြီဘုရား)၊ သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

မဂ္ဂင်မှုတစ်ပါး မင်းတို့ကို ကယ်တင်မည့်တရား (မမြင်ပါဘုရား)။ ငါမမြင်ဘူးလို့ သေသေချာချာ ဟောရှာတယ်.... (မှန်ပါ)၊ သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေလဲ နေ့တိုင်း ရောင်း ဝယ် ဖောက် ကား သွားလာ၊ သား, လင်, ခင်ပွန်း, ညီအစ်ကို မောင်နှမ နေကြတော့ နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်တွေက ဒကာကြွယ်ရေ မများလားဗျာ.... (များပါတယ်ဘုရား)။

မြင်ရင် ခင်တာပဲ ခင်ဗျားတို့က (မှန်ပါ)၊ ခင်ရင် စွဲလမ်းမှု (လာပါတယ်ဘုရား)၊ စွဲလမ်းလို့ရှိရင် ရရာရကြောင်း အားမထုတ်ဘူးလား.... (ထုတ်ပါတယ်ဘုရား)၊ ဟော.... တဏှာ, ဥပါဒါန်၊ ကံ၊ ဒါတွေ ဘယ်သွားမှာတွေပါလိမ့်.... (အပါယ်သွားမှာပါဘုရား)။

အဲဒါ ဘာကျင့်မှု လုံလောက်မယ်ထင်သလဲ....(မဂ္ဂင်ကျင့်မှု လုံလောက်ပါမယ် ဘုရား)။

ဩြော်....ဒို့လဲ သူပြဟ္မ နတ်သားလိုပဲဟ....၊ လုပ်ထားတဲ့ အကုသိုလ် တွေကဖြင့် အပါယ် သွားဖို့ သေချာနေကြပြီ.... (မှန်လှပါဘုရား)။

http://www.dhammadownload.com

# (၂၂)

ဒကာကြွယ် သေချာ ပလား.... (သေချာပါပြီ ဘုရား)၊ မျက်စိပေါက်ဖွင့်လိုက်ရင်ပဲ တဏှာ, ဥပါဒါန်၊ ကံ....(မှန်ပါ့)၊ နားပေါက်ဖွင့်လိုက်ရင်လဲ....(တဏှာ,ဥပါဒါန်,ကံပါဘုရား)၊ နှာခေါင်းပေါက်ဖွင့်လိုက်ရင်လဲ.... (တဏှာ, ဥပါဒါန် ကံပါ ဘုရား)၊ ဒီကံတွေက ဘယ်သွားမှာတွေတုံး.... (အပါယ်သွားမှာပါဘုရား)။

ဩော်.... ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာလဲ သုဗြဟ္မနတ်သားလိုပဲ မကြာဘူး သေရင် သွားကြရလိမ့်မယ် (မှန်ပါ့ ဘုရား)၊ မသွားရပေဘူးလား.... (သွားရမှာပါဘုရား)။

ဒါဖြင့်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သုဗြဟ္မနတ်သားနဲ့တကွ နတ်သမီးငါးရာတို့က သွားပြီး လျှောက်ထားတဲ့ အခါကျလို့ ရှိရင်ဖြင့် ဗောဇ္ဈင်မဂ္ဂင် အကျင့် မကျင့်တဲ့နဲ့ဖြင့် မင်းတို့ကို ကယ်နိုင် ယူနိုင်တဲ့သူ မရှိဘူးတဲ့....(မှန်ပါ့)၊ အကျင့်ပဲ မဟောဘူးလား.... (ဟောပါတယ် ဘုရား)။

ဗောဇ္ဈာတပသာ=ဗောဇ္ဈင်မဂ္ဂင် အကျင့်ကို။ အညတြ–ကြဉ်ထား၍။ သောတ္ထိံ–မင်းတို့ ချမ်းသာမှုကို။ နပဿာမိ–ငါမမြင်ဘူး....တဲ့ (မှန်ပါ့)။

ဒကာ ဒကာမတွေ ဒီအကျင့် ကျင့်မှလို့ ဆိုပါလား.... (မှန်ပါ့)၊ ဒကာကြွယ် မပေါ်သေးဘူးလား.... (ပေါ်ပါပြီ ဘုရား)။

နောက်က ဒကာ ဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)၊ ဘာအားကိုးကြမယ်.... (မဂ္ဂင်အကျင့်ကို အားကိုးကြရပါမယ် ဘုရား)၊ မဂ္ဂင် အကျင့်ကိုပဲ အားကိုးရတော့မယ် ဆိုတာဖြင့် မသေချာသေးဘူးလား....(သေချာပါပြီဘုရား)။

http://www.dhammadownload.com



သို့သော်....အခု ဒီမှာ မဂ္ဂင်မှတစ်ပါးဖြင့် ကယ်မည့်, ယူမည့် သူမရှိပါကလား၊ ဒီလုပ်ထားတဲ့ အကုသိုလ်တွေကဖြင့် မျက်လုံး ဖွင့်လိုက်လို့ရှိရင် မြင်တယ်, လိုချင်တယ်, စွဲလမ်းတယ်, အား ထုတ်မယ်ဆိုတဲ့ တဏှာ, ဥပါဒါန်, ကံတွေ လာနေတယ်.... (မှန်ပါ့ဘုရား)။

နားကလေးထောင်လိုက်တယ် ဆိုလို့ရှိရင်ဖြင့်.... ဒကာ ဒကာမတို့ကြားတယ်, လိုချင်တယ်, စွဲလမ်းတယ်, အားထုတ်မယ် မလာဘူးလား (လာပါတယ်ဘုရား)။

နှာခေါင်းပေါက်ကို ဖွင့်လိုက်လို့ ရှိရင်ဖြင့် နှာခေါင်းက နေပြီး ပန်းကလေး, ရေမွှေးကလေးက အနံ့ ရှူလိုက်လို့ရှိရင် ဖြင့် ရှူတယ်ဆိုတဲ့ စိတ်ကလေးလဲ မလာဘူးလား.... (လာပါ တယ်ဘုရား)၊ ကြိုက်တယ်ဆိုတဲ့တဏှာ (လာပါတယ်ဘုရား)၊ စွဲလမ်းတယ်ဆိုတဲ့ ဥပါဒါန် (လာပါတယ်ဘုရား)၊ ဒါကလေး မရ,ရအောင် ကြိုးစားမယ်ဆိုတဲ့ ကံကော....(လာပါတယ် ဘုရား)။

ဩော်... ခင်ဗျားတို့ ဒွါရခြောက်ပေါက်ကနေပြီးသကာလ ကံမြောက်ပြီး သကာလ နေတာ့ ဒကာကြွယ် ငရဲချည်း ရောက် မယ် (ရောက်မှာပါဘုရား)။

ဒီ ဒကာ ဒကာမတွေ ဒီအတိုင်း မဂ္ဂင်အလုပ်ကို မလုပ်တော့ ပါဘူးဆိုရင်ဖြင့် အားလုံး ဒကာဒကာမတွေ ခင်ဗျားတို့ကို ကယ်မည့် ယူမည့်သူများ ရှိသေးရဲ့လား (မရှိပါဘုရား)။

အခု လူ့ပြည်၊ ဒီနေ့ လူ့ပြည်နေဘ် ... (မှန်ပါ့)၊ နက်ဖြန် ငရဲရောက်နိုင်ကြတယ် (မှန်ပါ့)။

http://www.dhammadownload.com



ဒကာကြွယ် ဒီနေ့ ဘာပါလိမ့်.... (လူ့ပြည်ပါဘုရား)။ နက်ဖြန်သေရင် ဘာဖြစ်မယ်....(ငရဲရောက်ပါမယ်ဘုရား)။

ဩော်....ခင်ဗျားတို့နှယ် သူဖြဟ္မ နတ်သားနဲ့တကွ...ကျန် ငါးရာတို့ အသွားလိုပဲ (မှန်ပါ့)၊ ဖြစ်စဉ်နည်းကဖြင့် ဆိုးလှ ချည့်လားဆိုတာ ပေါ်နေတယ် (ပေါ်ပါတယ်ဘုရား)။

အင်း...ဖြစ်စဉ်က ဘယ်လိုပါလိမ့် (ဆိုးပါတယ် ဘုရား)၊ အင်မတန် ဆိုးရွားတယ်ဆိုဘာ သေချာကြပလား... (သေချာ ပါပြီဘုရား)။

အဲဒါကြောင့် ဘာပဲ အားကိုးကြမယ် (မဂ္ဂင်အားကိုးကြ ပါမယ်ဘုရား)၊ မဂ္ဂင်ပဲ အားကိုးရတော့မယ် (မှန်ပါ့ဘုရား)။

ဒကာသစ္စရေ...ဘုရားကလဲ အစွမ်းကုန် ကယ်တင်တာဖြင့် မဂ္ဂင်ပဲကွလို့ ပြောရှာတယ်... (မှန်ပါ့)၊ ဇောဇ္ဈင်မဂ္ဂင်ပဲကွလို့ ပြောရှာတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ အင်း ဇောဇ္ဈင်မဂ္ဂင်ပဲ ကြိုးစားရမှာပဲလို့ ဇောဇ္ဈင်ဆိုတာက စင်စစ်တော့ မဂ္ဂင်ပဲလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား)၊ ဖြစ် ပျက် မဂ် ကိုက်အောင် လုပ်တာဟာ မင်းတို့ ကယ်တင်မည့် အရေး (မှန်လှပါဘုရား)။

ဖြစ်ပျက်မဂ် ကိုက်အောင်လုပ်တာဟာ ဘာပါလိမ့် (တပည့် တော်တို့ ကယ်တင်မည့်အရေးပါဘုရား) ကယ်တင်မည့်အရေး ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အခု သိန်းတစ်ရာက ကယ်နိုင်ပါ့မလား.... (မကယ်နိုင်ပါ ဘုရား)၊ ဆွေမျိုးပေါင်း ထောင်သောင်းကကော (မကယ်နိုင် ပါဘုရား)၊ တိုက်ပေါင်း ထောင်သောင်းကကော (မကယ်နိုင် ပါဘုရား)၊ အင်း ဒကာဒကာမတို့ ကိုယ့်မဂ္ဂင် ကိုယ်အားကိုး

http://www.dhammadownload.com

# (၂၇)

ရတော့မယ်ဆိုတဲ့ အဖြစ်ကတော့ဖြင့် သေချာပါပြီ .. (သေချာ ပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ အမိအဖ ဆွေမျိုးဉာတကာတွေကို ဘယ်လို ကျေးဇူးဆပ်ရပါ့မလဲလို့ ရှာတဲ့အခါ ဘုရားက မင်း ဒကာဒကာမတွေကို မင်းအမေ မိဘဆွေမျိုး ဉာတကာတွေကို ဗောဇ္ဈင်အလုပ်, လုပ်ပစေကွ၊ အဲဒါ ကယ်တင်တာပဲလို့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ညီတော် အာနန္ဒာမျှား မှာတဲ့ အခါ ပါသေးတယ် (မှန်ပါ့ဘုရား)၊ သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့်....ဒကာ ဒကာမတို့ ဘာလုပ်ကြရမယ် .. (မဂ္ဂင် အလုပ် လုပ်ကြရပါမယ် ဘုရား)

ဩော် .. မဂ္ဂင်အလုပ်ဖြင့် ကိုးစားရာ၊ အားဆားရာ သိကြပြီ နော် (မှန်ပါ့)။

ဒါ တရားကို ရှေးဦးစွာမှတ်ပါ (မှန်ပါ့)၊ ပြီးတော့ လုပ် နည်း နိဿရည်းကို ဘုန်းကြီးက တန်းလန်းမထားပါဘူး.... ဒကာဒကာမတို့ 'အဇ္ဈတ္တ သန္တာန' ခန္ဓာကိုယ်ကြီးကို အကြွေး ထားဟောနေလို့ရှိရင် ဘုန်းကြီးသည် ဆိုးရွားရာ ရောက်တော့ မပေါ့ (မှန်ပါ့)၊ တစ်ခါတည်း ခင်ဗျားတို့ကိုလဲ နည်းပေးပြီး တစ်ခါတည်း ကယ်ယူမည့် တရားကို ဝမ်းထဲ အရောက်သာ ကိုးစားကြပါ (မှန်ပါ့ဘုရား)၊ သဘောပါကြပလား (ပါ ပါပြီဘုရား)။

ဒါဖြင့်....ကိုးစားကြပါစို့ ဆိုတဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးက ဖြင့် လေးစားစွာနဲ့ပဲ ကယ်တင်ချင်တဲ့စိတ် ပြင်းပြသောကြောင့် ခင်ဗျားတို့ကလဲ ကိုယ့်ကိုယ်ကို သနားသောအားဖြင့်လဲ ဒီ

http://www.dhammadownload.com



အကျင့်ကို ကျင့်ပါတော့မယ်ဆိုတာ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချပါ(မှန်လှပါ)၊ ချနိုင်ကြရဲလား(ချနိုင်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကိုသနားရင် ဘာလုပ်ရမယ် (မဂ္ဂင်အကျင့် ကျင့်ရပါမယ်ဘုရား)၊ ဒီဆုံးဖြတ်ချက်ချပြီး မဂ္ဂင် အလုပ်-လုပ်ရလိမ့်မယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါက ပထမပါဒ်သာ ဟောလိုက်သေးတယ်* (မှန်ပါ)။

"နာညတြိန္ဒြိယသံဝရာ" ဣန္ဒြိယသံဝရာ = ဣန္ဒြေ စောင့်ရှောက်ခြင်း တည်းဟူသော သီလအလုပ်ကို။ အညတြ = ကြဉ်ထား၍။ သောတ္ထိံ = ချမ်းသာခြင်းကို။ နပဿာမိ = ငါမမြင်ဘူးကွ....တဲ့။

ဘုရားက ဟောပြန်တယ် (မှန်ပါ)၊ သီလကလေးလဲ လုံခြုံပေစေကွ-တဲ့(မှန်ပါ)၊သဘောကျပလား....(ကျပါပြီဘုရား)။

သဗ္ဗနိဿဂ္ဂါ = ကိလေသာတို့၏ ကုန်ရာနိဗ္ဗာန်မှ.... (ဝါ) နိဗ္ဗာန်ကို။ အညတြ = ကြဉ်ထား၍၊ ပါဏိနံ = သတ္တဝါတို့အား။ သောတ္ထိံ = ချမ်းသာခြင်းကို။ နပဿာမိ = ငါမမြင်ဘူးကွ။

မင်းသည် ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်မှ မင်းမြင်ထားတဲ့ ဘေးတွေ၊ ငရဲတွေ လွတ်မှာကွ....တဲ့ (မှန်လှပါ)။

ဒကာဒကာမတို့ အကြွေး ဟောနေတာလား၊ သူမြင်ပြီးသားကို ဘုရားက ကယ်တင်မည့်တရား ဟောတာလား ဆိုတာ စဉ်းစားစမ်း (ကယ်တင်မည့်တရား ဟောတာပါဘုရား)။

သူက ခုနစ်ရက်စေ့ရင် ဘယ်သွားမှာပါလိမ့် (ငရဲသွားမှာ

---

* တစ်ဂါထာ၌ ၄ ပိုဒ်ရှိရာတွင် ပထမအပိုဒ်ဟု ဆိုလိုသည်။

http://www.dhammadownload.com



ပါဘုရား)၊ သူ့ဟာသူတော့ အကုန်သိတယ်မဟုတ်လား (သိပါတယ်ဘုရား)၊ ရှေ့က သွားနှင့်တာတွေကော (သိပါတယ်ဘုရား)၊ သူတို့သွားရမှာကော (သိပါတယ်ဘုရား)။

အဲဒါကို ကယ်တင်နိုင်တဲ့တရားကဖြင့် မဂ္ဂင်အလုပ်လုပ်ပြီး သကာလ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်ရင် လွတ်ပေါ့လို့ ဆုံးဖြတ်ချက်ချ (မှန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သွားရာလမ်းခရီး သေချာပြီးသား တောင်မှ ပယ်ဖျောက်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ မဂ်ကို ဒကာဒကာမတို့.... ဘယ့်အတွက်ကြောင့် မလုပ်ဆိုက်ဘဲ ရှိရမလဲ.... (မှန်လှပါ)၊ မသိသေးခင် မလုပ်သေးတာပေါ့....၊ သိတဲ့ တစ်နေ့ အဖိုးတန်တဲ့အလုပ်ဖြစ်လေသောကြောင့် မရ,အရယူ မဟော့....ဆိုတဲ့စိတ်ကို မွေးကြစမ်းပါ (မှန်လှပါဘုရား)။

မရ,အရယူမယ်ဆိုတဲ့စိတ်ကို ဘာလုပ်ရမလဲ.... (မွေးရပါမယ်ဘုရား)၊ မွေးရမယ်ဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒကာကြွယ်ရေ....တော်တော် အရေးကြီးတဲ့တရား ပြောနေပါလား ဆိုတာ ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

သုံးဗြဟ္မ နတ်သားနဲ့တကွ ကျန်နတ်သမီးငါးရာဟာနောက် ခုနစ်ရက်ရှိရင် ဒကာသစ် ဘယ်သွားမှာပါလိမ့်.... (ငရဲသွားမှာပါဘုရား)၊ သူများကပြောတာလား၊ သူတို့ကိုယ်တိုင် နတ်မျက်စိနဲ့ကြည့်ပြီးသိတာလား (သူတို့ကိုယ်တိုင် နတ်မျက်စိနဲ့ ကြည့်ပြီး သိတာပါဘုရား)။

http://www.dhammadownload.com

(၂၀)

ဒကာကြွယ်တို့.... စက်ရှင်ဒီဂရီ သေချာပြီးသား.... (မှန်လှပါ၊) အပါယ်ကျရမည့် ဒီဂရီသေချာပြီးသားဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒါတောင်မှ ဒကာဒကာမတို့ လွတ်ပါသေးတယ် .... (မှန်ပါ့)၊ ဒါဖြင့် လွတ်တဲ့ နိဿရည်းကိုသာ ဆရာဘုန်းကြီး ပေးဖို့လိုတော့တယ်(မှန်လှပါဘုရား)။

ဘုရားကတော့ဖြင့် ဒကာဒကာမတို့ ဗောဇ္ဈင်မဂ္ဂင်အကျင့်ကို ကျင့်ရင် လွတ်ပါတယ်ကွ....တဲ့ (မှန်ပါ့)၊ နိဗ္ဗာန်မြင်ရင် လွတ်ပါတယ်ကွတဲ့....(မှန်ပါ့) ဆိုတော့ စကားမို့ ထပ်ပြောနေတာ၊ စင်စစ် မဂ္ဂင်အကျင့်ကို ကျင့်လိုက်လို့ရှိရင်ဖြင့် ဒုက္ခမြင် နိဗ္ဗာန်ဆိုတာ လာတာပဲ (မှန်ပါ့)၊လာရင် မလွတ်သေးဘူးလား (လွတ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် လွတ်ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ ဒကာဒကာမတို့ သုဗြဟ္မ နတ်သားနဲ့တကွ မသွားရသေးတဲ့ နတ်သမီး ငါးရာ ဝမ်းထဲမှာရှိတဲ့ ငရဲမျိုးစေ့ကို မဂ်နဲ့ ရှို့ပစ်လိုက်တဲ့အတွက် မဂ်မီးနဲ့ ရှို့ပစ်လိုက်တဲ့အတွက် လွတ်သွားတယ် (မှန်လှပါဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့မရှိတဲ့ ပုဂ္ဂိုလ်မှာ ကြောက်စရာ မရှိဘူး (မှန်ပါ့)၊ ငရဲမျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်မှသာလျှင် ကြောက်စရာ ရှိတော့တယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အသက်ကြီးတဲ့ ပုဂ္ဂိုလ်ကလဲ ကြီးသလောက် မြန်မြန်ကြိုးစား(မှန်ပါ့ဘုရား)၊ ငယ်တဲ့ပုဂ္ဂိုလ်ကလဲ အဇ္ဇေဝလား-သုဝေဝလားမသိဘူး၊ခန္ဓာကိုယ်ကစိတ်မချရတော့ရင်(မှန်ပါ့)၊သူ့အတွက်ကလဲ နှေးနှေးပဲလား၊မြန်မြန်ပဲ

http://www.dhammadownload.com



လား... (မြန်မြန်ပါဘုရား)၊ ဒါဖြင့် သူ့အတွက်ကလဲ မြန်မြန် လုပ်ရမယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့်.... ဒကာဒကာမတို့ မဂ်ရဖို့အရေး ကိုယ့်အရေး .... (မှန်ပါ့)၊ ဘယ်လိုဆိုကြမယ် (မဂ်ရဖို့အရေးဟာ ကိုယ့်အရေး ပါဘုရား)။

နည်းပေးဖို့အရေး ဆရာ့အရေး.... (မှန်ပါ့)၊ နည်းပေးဖို့ အရေးက (ဆရာ့အရေးပါဘုရား) ရအောင် လုပ်ဖို့အရေးက (ကိုယ့်အရေးပါဘုရား)၊ နည်းပေးဖို့အရေးက (ဆရာ့အရေး ပါဘုရား)။

ကိုယ့်အရေးက ဘာပါလိမ့်.... (ရအောင်လုပ်ဖို့ အရေးပါ ဘုရား)၊ရအောင်လုပ်ဖို့အရေးက ဘာတုံး....(ကိုယ့်အရေးပါ ဘုရား)။

ဒါဖြင့် ကိုယ့်အရေး သူ့အရေးဖြင့် ဒကာကြွယ်သိပလား.... (သိပါပြီဘုရား)၊ ဒကာ ဒကာမတို့ ကိုယ့်အရေး, သူ့အရေး သိကြပလား (သိပါပြီဘုရား)။

ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပစ္စည်း ဥစ္စာ ရတနာတွေနဲ့ ထိုက်တန်သလောက် အကျိုးပေးနေကြတာတွေ ဘုန်းကြီးတို့ ဝမ်းမသာလို့မဟုတ်ပါဘူး (မှန်ပါ့)၊ဘယ်လိုပင် ဝမ်းသာနေငြားသော်လဲ နက်ဖြန် အပါယ်သွားမှာ မြင်တော့ ယနေ့စိန်တွေ သီးနေအောင်ဝတ်ငြားသော်လဲ ဘုန်းကြီးတို့က မပြုံးနိုင်ဘူး.... (မှန်ပါ့)၊ ပြုံးနိုင်ပါ့မလား.... (မပြုံးနိုင်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဆရာဘုန်းကြီးက ဒို့....စိန်တွေ သီးနေ အောင် ဝတ်တဲ့ဥစ္စာ မပြုံးနိုင်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲရဲ

http://www.dhammadownload.com



မျိုးစေ့က ဒီစိန်တွေက ကယ်မှာမဟုတ်ဘူး၊ ငရဲမျိုးစေ့ကဆွဲချသွားရင် ဒို့ ဒကာ ဒကာမတွေ ကိုယ်ကျိုး နည်းချေရဲ့ဆိုတာ သိလို့....(မှန်ပါ့)၊ ဒါ့ကြောင့် မပြုံးနိုင်သေးဘူး (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကိုယ်တိုင်ကော ပြုံးချိန်ရောက်ပလား(မရောက်သေးပါဘုရား)၊ ဟာ.... မဂ္ဂင်အလုပ်လုပ်ပြီးမှ ပြုံးလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်အလုပ်, လုပ်ပြီးမှတုံး.... (မဂ္ဂင်အလုပ်, လုပ်ပြီးမှ ပြုံးရမှာပါဘုရား)။

ကိုင်း....ဘုရားကဖြင့် သုဗြဟ္မနတ်သားနှင့်တကွ ကျန် နတ်သမီး ငါးရာတို့ကိုမဂ္ဂင်အလုပ်မှတစ်ပါးမင်းတို့ကို ကယ်မည့်ယူမည့်သူမရှိဘူးကွ....လို့ ဆိုတော့ ဘုရားကငါကယ်မည်ပြောတာလား၊ မဂ္ဂင်အလုပ်မှတစ်ပါးကယ်မည့်, ယူမည့်သူ မရှိဘူးလို့ ပြောတာလား (မဂ္ဂင်အလုပ်မှတစ်ပါး ကယ်မည့်, ယူမည့်သူ မရှိဘူးလို့ ပြောတာပါဘုရား)၊သေချာပလား (သေချာပါပြီဘုရား)၊သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂင်အလုပ်ပဲ ပြောကြပါစို့ (မှန်ပါ့)၊ မဂ္ဂင်အလုပ်ပဲ ပြုကြပါစို့၊ မဂ္ဂင်အလုပ်ပဲ ပြောကြပါစို့ ဆိုတော့ လွယ်ကူပါတယ်၊ဒကာဒကာမတို့ အင်မတန်လွယ်ကူပါတယ် (မှန်လှပါဘုရား)။

အင်မတန် လွယ်ကူတာကို ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအလုပ်ဟာ မလွယ်ဘူးလို့ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ပျင်းလို့, ဖျင်းလို့....လို့ မှတ်ပေတော့ (မှန်ပါဘုရား)။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကိုလည်း မသနားလို့....လို့ မှတ်ကြပေတော့.... (မှန်ပါဘုရား)။

ဒါဖြင့်....ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကိုမှ မသနားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် လောကမှာဖြင့် လူလို့မှဆိုစရာ ထည့်စရာ အကွက်ဟာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ကိုင်း....ဒါကြောင့် စပ်မိလို့ မဂ္ဂင်အလုပ်ကလေးမဟောခင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ကောသလမင်းကြီး လျှောက်ပုံကလေး ဒကာသစ်မှတ်လိုက်စမ်းပါ(မှန်ပါ)၊ကော သလသံယုတ်မှာ လာတယ်(မှန်ပါ)၊ အခုလာတာကသဂါထာ ဝဂ္ဂသံယုတ်ကဟာကို ဟောနေတယ် (မှန်ပါ)၊ ကောသလ သံယုတ်ကို ဦးလှဘူး နည်းနည်းနားထောင် (မှန်ပါဘုရား)။

ဒကာဒကာမတွေ ကောသလ မင်းကြီးက ဘုရားကိုသွား လျှောက်တယ်၊ အရှင်ဘုရား...လူတွေဟာဘုရား ကိုယ်စားဖို့, ကိုယ် ဝတ်ဖို့, ကိုယ် တိုက်တည်ဖို့, ကိုယ် ကားဝယ်ဖို့ ဆိုပြီး သကာလ ကိုယ့်ကိုယ်ကို သနားလို့ မုသားပြောတယ် လိမ်လည် ကောက်ကျစ်ပြီးပစ္စည်းရှာကြတယ်(မှန်ပါ)၊လိမ်လည်ကောက် ကျစ်ပြီးသကာလ ရှာကြ၊မုသားတွေသုံးကြ၊ ပရိယာယ်မာယာ တွေနဲ့ ဖုံးကြဖိကြ (မှန်ပါဘုရား)။

စီးပွားရေးအတွက်နဲ့ သူတို့ ကိုယ့်ကိုယ်ကို သနားလို့ရှာကြ တယ်လို့ဆိုကြတာပဲ၊အဲဒါ သနားရာရောက်ပါသလားလို့မေး လိုက်တယ် (မှန်ပါဘုရား)။

စီးပွားရေးအတွက်နဲ့ ပရိယာယ် မာယာတွေနဲ့ ရောင်းကြ ဝယ်ကြတာ မရှိဘူးလားဗျာ(ရှိပါတယ်)၊ကိုယ့်ကိုယ်ကိုသနား

http://www.dhammadownload.com



တယ်လို့ကောမထင်ကြဘူးလား(ထင်ကြပါတယ်)။ ကိုယ့်ကိုယ် ကျွေးဖို့၊ မွေးဖို့လို့ မထင်ကြဘူးလား.... (ထင်ကြပါတယ် ဘုရား)။

အဲဒါကိုယ့်ကိုယ်ကိုသနားတဲ့အဖြစ်ရောက်ပါရဲ့လားဘုရား၊ တပည့်တော်ဖြင့် ရောက်မယ်မထင်ဘူးတဲ့ (မှန်ပါ့ဘုရား)။

အေး....ဟော့ ဒကာကြီး တွေးတဲ့ အတိုင်းပဲ ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်ဟာ လိမ်လည် ကောက်ကျစ် ပရိယာယ်မာယာ တွေနဲ့ ရောင်းမှုဝယ်မှုကို လုပ်နေကြမယ် ဆိုလို့ရှိရင် အဲဒါ ကိုယ့်ကိုယ်ကိုသနားငြားသော်လဲ သနားရာ မရောက်ဘူးကွတဲ့ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ...,ဒကာဒကာမတွေ စီးပွားရှာတဲ့ကာတော့ကိုယ့်ကိုယ် ကို သနားလို့ လို့တော့ဆိုကြတာပဲ (မှန်ပါ့)၊ ဆိုပင်ဆိုကြငြား သော်လဲ သနားရာ ရောက်ပါရဲ့လား (မရောက်ပါဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုသနားလို့ကိုယ့်ကိုယ်ကိုကယ်တင်ချင်တဲ့ တရားကိုဘာလုပ်မလဲလို့ မေးတဲ့အခါကျတော့မှ မဂ္ဂင်အလုပ်မှ ကယ်တင်နိုင်တဲ့အလုပ် (မှန်ပါ့)၊ ဒကာဒကာမတွေ ပေါ်ကြ ပလား (ပေါ်ပါပြီဘုရား)။

ဘယ်တရားမှ ကယ်တင်နိုင်တဲ့အလုပ်ပါလိမ့် (မဂ္ဂင်တရားမှ ကယ်တင်နိုင်တဲ့အလုပ်ပါ)မဂ္ဂင်အလုပ်မှ ကယ်တင်နိုင်တဲ့အလုပ် (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် မဂ္ဂင်အလုပ်သည် ဘယ်ကဲ့သို့ ကယ်တင်တယ် ဆိုရင် ခုနင်က သုဖြဟ္မ နတ်သား ထောက်ကြပေတော့နော်.... (မှန်ပါ့ဘုရား)။

## (၃၃)

ကဲ....သုမြဟ္မနတ်သားကဖြင့် ခုနစ်ရက်ရှိတဲ့အခါ သူနဲ့တကွ ကျန်တဲ့နတ်သမီးငါးရာတို့ပါ အပါယ်သွားရမှာ သေချာပြီး သကာလ နေတာနဲ့ ကိုင်း....တပည့်တော်တို့ ကိုးစားရာအတိတ် အပူလဲ ငြိမ်းတော်မူပါဘုရား၊ အနာဂတ် အပူတွေကိုလဲ ငြိမ်း တော်မူပါဘုရား၊အပါယ်တံခါးလဲ ပိတ်ပေးတော်မူပါဘုရား လို့ သွားလျှောက်တဲ့အခါကျတော့မှ မဂ္ဂင်အကျင့် မကျင့်ဘဲနဲ့ ဖြင့် မရနိုင်ဘူးဟေ့ (မှန်ပါ့)၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး(မဂ္ဂင်အကျင့်မကျင့်ဘဲနဲ့မရနိုင်ပါ)၊မဂ္ဂင်အကျင့် မကျင့်ဘဲနဲ့တော့ မရနိုင်ဘူးကွဆိုတော့ ဒကာကြွယ်ရေ ဘုရား ဟာ အကောင်းဆုံးနဲ့ အကယ်တင်နိုင်ဆုံးကို ဟောတော့ မယ်ဆိုတာမပေါ်သေးဘူးလား(ပေါ်ပါပြီ)၊ဘာပါလိမ့်ဗျာ (အကောင်းဆုံးနဲ့အကယ်တင်နိုင်ဆုံးကို ဟောပါတယ်ဘုရား)။

ကိုင်း....ဒကာဒကာမတို့ ဘုန်းကြီးကလဲ ထိုနည်းအတူပဲ အကောင်းဆုံးနဲ့အကယ်တင်နိုင်ဆုံးအလုပ်ကိုဒကာဒကာမတွေ သေသေချာချာ ခင်ဗျားတို့ ပေးကမ်းပါတော့မယ်ဆိုတာကိုလဲ ဉာဏ်နားနဲ့သာ ခံယူကြပေတော့ဆိုတဲ့ဥစ္စာဖြင့် လေးစားစွာနဲ့ ပြောပြန်တယ် (မှန်ပါ့ဘုရား)။

ကဲ....မဂ္ဂင်အလုပ် စ,တော့မယ် ဒကာ ဒကာမတို့နော်.... (မှန်ပါ့)၊ ဘာ စ,မှာပါလိမ့် (မဂ္ဂင်အလုပ် စ,မှာပါဘုရား)။

မဂ္ဂင်အလုပ် ဆရာကနည်းပေးတဲ့အရေး (မှန်ပါ့)၊ ဒကာ ဒကာမတို့က ကျင့်ကြံကြိုးကုတ်တဲ့အရေး (မှန်ပါ့ဘုရား)။

နည်းပေးတဲ့အရေးက ဆရာ့အရေး (မှန်ပါ့)၊ ကိုယ့်ကိုယ် ကယ်တင်တဲ့အရေးက ကိုယ့်အရေး (မှန်ပါ့)၊ ကိုယ်ပွားများ ရမည့် အရေးပေါ့ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ဒကာဒကာမတွေ သားကိစ္စကြောင့် မလုပ်နိုင်ဘူး၊ သမီးကိစ္စကြောင့် မလုပ်နိုင်ဘူး၊ စီးပွားရေးရှုပ်ထွေးနေလို့ မလုပ်နိုင်ဘူး၊ ခေတ်ကာလတွေကြောင့် တပည့်တော်တို့မှာ စုရဆောင်းရတဲ့အရေးကြောင့် မလုပ်နိုင်ဘူးလို့မရှိလိုက်ပါနဲ့ (မှန်ပါ)၊ ဘာမှမရှိကြပါနဲ့၊ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ မဂ္ဂင်အရေးသည်သာလျှင် ကိုယ့်အရေးဆိုဘာ အဓိကထားပြီး သကာလ ကြိုးစားပါဆိုတာဖြင့် ထပ်ပြန်တလဲလဲ ဒကာကြွယ် တိုက်တွန်းရတယ် (မှန်ပါဘုရား)။

ဦးလှဘူး တိုက်တွန်းသင့် မတိုက်တွန်းသင့်.... (တိုက်တွန်းသင့်ပါတယ်)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း....ဒကာဒကာမတို့ ဒီနေ့ဟာ ပြရမှာလဲ မပြနိုင်တဲ့ အခြေအနေရောက်နေတယ် (မှန်ပါ)၊ အကုန်လဲ မြင်ကြရမှာ မဟုတ်တော့ ဘုန်းကြီးက အားလုံးကို သိစေချင်၊ အားလုံးကို ကျင့်စေချင်တော့ ဩော်.... ဒီအရေးသည်ကားလို့ ဆိုလို့ရှိရင် ဖြင့် အားလုံးနဲ့ဆိုင်တဲ့ အရေးဖြစ်နေတော့ အားလုံးပဲ ရစေချင်တာ၊ နေရာတွေက အသီးသီး ကွဲပြီးသကာလနေတော့ မရနိုင်ဘဲ ဒကာကြွယ်ဖြစ်နေတယ် (မှန်ပါဘုရား)။

ဩော်.... နက်ဖြန်ကြုံကြိုက်တဲ့ ဒီနေ့ မလာနိုင်တဲ့ ပုဂ္ဂိုလ်၊ မမြင်ရသေးတဲ့ ပုဂ္ဂိုလ် နက်ဖြန် သေသေချာချာ လာကြ.... (မှန်ပါ)၊ပြနိုင်တဲ့နေရာကျတော့ တစ်နေရာထဲကျတော့ ပြလို့ရတယ် (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတွေ အခု နှုတ်နဲ့ ပြနိုင်သရွေ့ ပြပါမယ်....(မှန်ပါ)၊ နှုတ်နဲ့ပြနိုင်သရွေ့ ပြပါလိမ့်မယ် (မှန်ပါဘုရား)။

http://www.dhammadownload.com



ရှေးဦးစွာ မှတ်ရမှာက ဒကာဒကာမတို့ ကိုယ့်ခန္ဓာကိုယ်ကြီးဟာရှိတယ် (မှန်ပါ့) ရုပ်နဲ့နာမ်ရှိတယ် (မှန်ပါ့)၊ ရုပ်ဆိုတာ ဒကာဒကာမတို့ နာမ်က စောင့်နေတယ်.... (မှန်ပါ့)၊ ရုပ်ဇီဝိတ, နာမ်ဇီဝိတရယ်လို့ ရှိကြပါတယ် (မှန်ပါ့ဘုရား)။

အဲဒီတော့ကို နာမ်တရားပဲ စိတ္တာနုပဿနာပဲ ဘုန်းကြီးယနေ့ ရှင်းအောင်ပြောမယ် (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ကိုယ့်ကိုယ်မှာ မှည့်ရှိတယ်၊ တင်းတိပ်ရှိတယ်၊နှုတ်ခမ်းမှာ အနာပေါက်နေတယ်၊ဘယ်နေရာ ဝက်ခြံ၊ ဘယ်နေရာမှာ တင်းတိပ်၊ ဘယ်နေရာမှာ မှည့်ကလေးရှိတယ်ဆိုတာ သိချင်တော့ ဒကာဒကာမတို့ မှန်ကလေး ရှေ့ကထားကြည့်တော့ မသိကြလားဗျာ (သိပါတယ်ဘုရား)။

အင်း... ဘယ်သူက ပြောပါလိမ့် (မှန်က ပြောပါတယ်)၊ မှန်က ပြောတယ်။

ဘာဖြစ်လို့တုံး ကိုယ့်ကိုယ်နဲ့ မှန်နဲ့ ဟပ်လိုက်တဲ့အခါ မှန်က မပြောဘူးလား (ပြောပါတယ်ဘုရား)၊မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ထို့အတူပဲတဲ့၊ ခင်ဗျားတို့သန္တာန်ဖြစ်တဲ့ စိတ်ကလေးတွေ ခင်ဗျားတို့ညာဏ်နဲ့ ကြည့်လို့ရှိရင်ဖြင့် ဘာစိတ်ဖြစ်တယ်၊ ဘာစိတ်ဖြစ်တယ် ဘာစိတ်ဖြစ်တယ်ဆိုတာ မသိပေဘူးလား .... (သိပါတယ်ဘုရား)။

ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့စိတ် ခင်ဗျားတို့ နောက်က ညာဏ်နဲ့,ညာဏ်နဲ့မှန်ထောင်ထောင်ကြည့်တဲ့အခါ ခုနင်ကလောဘစိတ်ဖြစ်တယ်၊ ခုနင်က ဒေါသစိတ်ဖြစ်တယ်၊ ခုနင်က ဣဿာ

http://www.dhammadownload.com



စိတ်ဖြစ်တယ်၊ ခုနင်က မစ္ဆရိယစိတ်ဖြစ်တယ်၊ ခုနင်က ထိနမိဒ္ဓ ဆိုတဲ့ အိပ်ချင်တဲ့စိတ်ဖြစ်တယ်၊ ခုနင်က စိတ်ဟာ ပျံ့လွင့်တဲ့ စိတ်ဖြစ်တယ်၊ ခုနင်က စိတ်ဟာ ဝိစိကိစ္ဆာ ဖြစ်တယ်ဆိုတာ ဉာဏ်မှန်ပေါ် တင်ကြည့်လိုက်ရင် မသိပေဘူးလား(သိပါတယ် ဘုရား)။

အဲ....ထိုကဲ့သို့ သိမှာဖြစ်လေသောကြောင့် ရှင်သာရိပုတ္တရာက ဟော ရှာတယ်၊ သူများစိတ် အကဲခတ်ရတာ မှားသည်ရှိ၊ မှန်သည်ရှိတဲ့ (မှန်ပါ)။

သူများစိတ် အကဲခတ်ရတာ ဘာတဲ့.... (မှားသည်ရှိ၊ မှန်သည်ရှိပါဘုရား)။

ကိုယ့်ဖြစ်ပြီးသား စိတ်ကို ကိုယ် အကဲခတ်ရတာကတော့ မှားသေးရဲ့လား(မမှားပါဘုရား)၊ ဒါဖြင့် ကိုယ့်ဖြစ်ပြီးသား စိတ်ကို ကိုယ်ရှုပါ (မှန်ပါ)။

ကဲ.... ဒါဖြင့် ထမင်းစားချင်တဲ့ လောဘကလေး ပေါ်လာတည်(မှန်ပါ)၊ မစားနဲ့ဦး (မှန်ပါ)၊ ထမင်းစားချင်တယ်၊ ထမင်းဆာတဲ့ လောဘ စိတ်ကလေး ပေါ်လာတယ် ဒကာ ဒကာမတို့နော် (မှန်ပါ)။

ထမင်း စားချင်တဲ့ လောဘ စိတ်ကလေး ပေါ်တော့ ဘုန်းကြီးက နောက်ကနေပြီး ဒကာဒကာမတို့ အဲဒီ စိတ်ကလေးကိုတွေးစမ်း၊ရှိ-မရှိတွေးစမ်းလို့ခိုင်းလိုက်တာ(မှန်ပါ) ဘယ့်နှယ်တွေးကြမလဲ (မရှိတော့ပါဘုရား)။

ဒါဖြင့် မရှိတာက အနိစ္စ၊ မရှိမှန်းသိတာက မဂ္ဂ (မှန်ပါ)၊ မရှိတာက (အနိစ္စပါဘုရား)၊ မရှိမှန်းသိတာက (မဂ္ဂပါ)၊ အဲဒီမဂ်မှာ ခင်ဗျားတို့ ကယ်စာင်မည့်မဂ် (မှန်ပါ)။

http://www.dhammadownload.com



ဒီမဂ်ဟာ ဘာတုံး (ကယ်တင်မည့်မဂ်ပါ)၊ မရှိတာက.... (အနိစ္စပါ)၊ မရှိမှုန်း သိတာက (မဂ္ဂပါ)၊ အဲဒီ မဂ်ဟာ ဘာပါလိမ့် (ကယ်တင်မည့် မဂ်ပါဘုရား)။

အဲ 'နာညတြ ဗောဇ္ဈာတပသာ = ဗောဇ္ဈာတပသာ = ဗောဇ္ဈင် မဂ္ဂင်အကျင့်ကို။ အညတြ = ကြဉ်ထား၍။ ပါဏိနံ - မင်းနှင့်တကွ နတ်သမီး ငါးရာတို့အား။ သောတ္ထိံ = အပါယ်လေးပါးမှ လွတ်တဲ့ ချမ်းသာရာကို။ နပဿာမိ = ငါမမြင်ဘူးကွတဲ့....(မှန်ပါ)။

ဒီမဂ္ဂင်အလုပ်လုပ်ရင်သာ ငါမြင်တယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)၊ မဂ္ဂင်အလုပ် မလုပ်ရင် (မမြင်ပါဘုရား) မမြင်ဘူးဆိုတာ ဘုရားကပဲ သေသေချာချာ မဟောဘူးလား (ဟောပါတယ်ဘုရား)။

ကိုင်း.... ဒကာဒကာမတို့ ထမင်းစားချင်တဲ့ စိတ်ကလေး ပေါ်လာတော့ စားပလား-မစားသေးဘူးလား.... (မစားသေးပါဘုရား)၊ မစားသေးဘူး၊ စားချင်တာကလေး ပေါ်ကာ ရှိသေးတယ် (မှန်ပါ)။

အဲဒီ စိတ်ကလေးကို ရှိ-မရှိ နောက်ကနေ အကဲခတ်စမ်း.... (မရှိတော့ပါဘုရား)၊ မရှိတာက (အနိစ္စပါဘုရား)၊ သိတာက (မဂ္ဂပါဘုရား)။

အဲ....မဂ္ဂဆိုလဲ ဟုတ်တယ်၊ ဗောဇ္ဈင်ဆိုလဲ ဟုတ်တာပဲ.... (မှန်ပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီတရားကလေးဟာက စားချင်တယ်ဆိုတဲ့စိတ်ကလေးကို စားချင်တဲ့စိတ်ကလေးမြင်တာလား၊ စားချင်တဲ့စိတ်ကလေး၏ ဖြစ်ပျက်မှုကို မြင်တာလား (စား

http://www.dhammadownload.com



ချင်တဲ့ စိတ်ကလေး၏ ဖြစ်ပျက်မှု မြင်တာပါ)၊ ပေါ်ကြပလား ဒကာကြွယ် (ပေါ်ပါပြီဘုရား)။

စားချင်တဲ့စိတ်ကလေးကိုမြင်တာလား၊ဖြစ်ပျက်မှု မြင်တာလား (ဖြစ်ပျက်မှု မြင်တာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် ဘာခေါ်ကြမယ်.... (အနိစ္စပါဘုရား)၊ ဖြစ်ပျက်အနိစ္စ၊ အနိစ္စမှန်း သြော်....အနိစ္စ ရောက်ပြီလို့ သိတာက (မဂ္ဂပါဘုရား)၊ အဲဒါက ကယ်တင်မည့်တရား (မှန်လှပါဘုရား)။

မဂ္ဂင်က ဘာပါလိမ့်.... (ကယ်တင်မည့် တရားပါဘုရား)၊ ကယ်တင်မည့် တရားဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဘယ်လိုများ ကယ်တင် လိုက်ပါလိမ့်မတုံးဘုရားလို့ မေးဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)။

ကယ်တင်ပုံကလေးကို ဒကာဒကာမတို့ နာရီလေး နည်းနည်း ကျန်တော့တယ်၊ ဂရုစိုက် နားထောင်လိုက်စမ်းပါ.... (မှန်လှပါဘုရား)။

စားချင်တာသည် တဏှာ.... (မှန်ပါ့)၊ စားချင်တယ်ဆိုရင်ဖြင့် မစားရ မနေနိုင်ဘူးဆိုတာက ဥပါဒါန်....(မှန်ပါ့)၊ ကျုပ်ဖြင့် ထမင်းအိုးရှိတဲ့နေရာ သွားပါတော့မယ်ဆိုတဲ့ ကာယကံ၊ ဝစီကံ မလာဘူးလား (လာပါတယ်)၊ ထမင်းဆိုင်ရှိရာ ပြေးပါတော့မယ်ဆိုတဲ့ ကာယကံ၊ ဝစီကံကော.... (လာပါတယ်ဘုရား)။

ကြည့်စမ်း၊ ဒကာဒကာမတို့ စားချင်တဲ့စိတ်ကလေးတဏှာကနေပြီး တဏှာကဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ဥပါဒါန်

http://www.dhammadownload.com



လာသေးရဲ့လား (မလာပါဘုရား)၊ ကံကော.... (မလာပါ ဘုရား)။

ဒါဖြင့် အပါယ်သွားမည့်ကံ ဘယ့်နှယ်နေသတုံး.... (ပြတ်ပါတယ်ဘုရား)၊ ကဲ....ဘယ်သူက ဖြတ်လိုက်ပါလိမ့်....(မဂ်က ဖြတ်ပါတယ်ဘုရား)။

ဪ....ဒါကြောင့် ဘုရားက နာညတြ ဗောဇ္ဈာတပသာ.... (မှန်ပါ)၊ ဗောဇ္ဈာတပသာ = ဖြစ်ပျက်ကို မြင်သော မဂ္ဂင် အကျင့်ကို ဗောဇ္ဈင်အကျင့်ကို။ အညတြ=ကြဉ်ထား၍ (ဝါ) ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ မဂ္ဂင်ကို။ အညတြ = ကြဉ်ထား၍။ ပါဏိနံ = မင်းတို့လို သတ္တဝါအပေါင်းတို့အား။ သောတ္ထိ = ချမ်းသာရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်လိမ့်မည်ဟု။ နပဿာမိ = ငါ မမြင်ဘူးတဲ့ (မှန်ပါဘုရား)။

မဂ္ဂင်အကျင့် ကျင့်ရင် မြင်သပေါ့ဗျာ (မှန်ပါ)၊ မဂ္ဂင် အကျင့် မကျင့်လို့ရှိရင် (မမြင်ပါဘုရား)။

ကိုင်း.... ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်မပြတ်စဉ်းစား စမ်း (ပြတ်ပါတယ်ဘုရား)။

စားချင်တဲ့စိတ်ကလေးဟာ တဏှာနော် (မှန်ပါ) အဲဒါ ကလေး ပေါ်လာတာ ဒကာဒကာမတွေက ရှိ,မရှိ အကဲခတ် စမ်း (မရှိတော့ပါဘုရား)၊ မရှိတာက (အနိစ္စပါ)၊ သိတာက (မဂ္ဂပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဆေးလိပ်ကလေး သောက်ချင်တယ်ဗျာ၊ ဘာစိတ်ပါလိမ့်၊ လောဘစိတ် (မှန်ပါ)၊ အဲဒါကလေး ရှိ,မရှိ အကဲခတ်စမ်း.... (မရှိပါဘုရား)၊ မရှိတာက(အနိစ္စပါဘုရား)၊မရှိမှန်းသိတာက

http://www.dhammadownload.com



(မဂ္ဂပါဘုရား)၊ ဒီမဂ်က ခင်ဗျားတို့ကို ဘာလုပ်မယ်.... (ကယ်တင်ပါတယ်ဘုရား)၊အပါယ်သွားစေတတ်တဲ့ကံတွေ လာသေးရဲ့လား (မလာပါဘုရား)။

ဒီဟာကလေးကလဲ တစ်ခါစဉ်းစားလိုက်တဲ့ အခါကျတော့ ခုနင်က ဆေးလိပ်သောက်ချင်တဲ့ စိတ်ကလေးဟာ ငါသောက်ချင်တယ်ဆိုတဲ့ ဒိဋ္ဌိကလေးကော ရှိသေးရဲ့လား(မရှိပါဘုရား)၊ ဖြစ်ပျက်မြင်လိုက်က ဘည်းက ဒိဋ္ဌိမကွာသေးဘူးလား (ကွာပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စနိမိတ်ကို ကင်းစေနိုင်တယ်ဆိုတော့ နိစ္စဒိဋ္ဌိကို ခွာပစ်လိုက်တယ် (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

နိစ္စဒိဋ္ဌိကို (ခွာပစ်လိုက်ပါတယ်ဘုရား)၊ ဒါဖြင့် သက္ကာယဒိဋ္ဌိ မပြုတ်သေးဘူးလား (ပြုတ်ပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ၊ သိတာက....(မဂ္ဂပါဘုရား)၊ သေတာက ဥပါဒါန်တို့, ကံတို့ မသေဘူးလား.... (သေပါတယ် ဘုရား)။

သေတာက ဘာပါလိမ့်(ဥပါဒါန်တို့, ကံတို့ သေပါတယ်ဘုရား)၊ ဥပါဒါန်တို့, ကံတို့ သေတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

အဲ ... ဥပါဒါန်, ကံသေတော့ ကံကြောင့်ပွားရမည့် သွားရမည့် အပါယ်ကိုး ဒကာသစ်ရ(မှန်ပါ့)၊သွားရသေးရဲ့လား... (မသွားရပါဘုရား) ဥပါဒါန်ကော ရှိသေးရဲ့လား (မရှိပါဘုရား)။

http://www.dhammadownload.com



ဥပါဒါန်ရှိမှသာလျှင် နောင်ဘဝ ပဋိသန္ဓေ နေတယ်... (မှန်ပါ)၊ ကံရှိမှသာလျှင် နောင်ဘဝ ပဋိသန္ဓေ နေတယ်(မှန်ပါ) အခုတော့ ဒီလိုနေသေးရဲ့လား....(မနေပါဘုရား)။

အဲ... ဘယ့်နှယ်ကြောင့် မနေပါလိမ့်မတုံးမေးတဲ့ အခါကျတော့ ဖြစ်ပျက်ကို ဒကာဒကာမတွေက ဖြစ်မြီး ပျက်တာ မြင်လိုက်တော့ ဩော်.... နဂိုက ငါစားချင်တာဆိုတဲ့ ဒိဋ္ဌိဟာ ဖြစ်ပျက်ကို မြင်လိုက်တော့ အဲဒီတွဲနေတဲ့ ဒိဋ္ဌိကလေးဟာ ရှိသေးလား.... (မရှိပါ)၊ သေသေချာချာ သဘောပါကြရဲ့လား.... (ပါပါတယ် ဘုရား)။

ဒါဒိဋ္ဌိသတ်နေတာနော်....(မှန်ပါ)၊ဒိဋ္ဌိသတ်တယ်၊နောက်က ဥပါဒါန်ကံ သတ်တယ်.... (မှန်ပါ)၊ ရှေ့ပိုင်းက ဘာသတ်သတုံး (ဒိဋ္ဌိသတ်ပါတယ်) နောက်ပိုင်းက ဘာသတ်သတုံး (ဥပါဒါန်, ကံ သတ်ပါတယ်ဘုရား)။

ဒါဖြင့်....ဒကာ ဒကာမတို့ ဆေးလိပ် သောက်ချင်တဲ့ စိတ်ကလေးကိုလဲ အကဲခတ်ပါ (မရှိတော့ပါ)၊ မရှိတာ ... (အနိစ္စပါဘုရား) မရှိမှန်းသိတာက... (မဂ္ဂပါ)၊ သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့်.... မရှိတာကလေးဟာ အနိစ္စဆိုသဖြင့် နိစ္စဒိဋ္ဌိဆိုတဲ့ သက္ကာယဒိဋ္ဌိ ရှိသေးရဲ့လား.... (မရှိပါ)၊ ဟော....ဒိဋ္ဌိပြုတ်ပြီ.... (မှန်ပါ)။

ဖြစ်ပျက် ရှုလိုက်တာနဲ့ ဘာပြုတ်သွားသတုံး (ဒိဋ္ဌိပြုတ်သွားပါတယ်)၊ ဒိဋ္ဌိပြုတ်ရင် အပါယ်ငရဲမျိုးစေ့ ဝမ်းထဲရှိသေးရဲ့လား.... (မရှိပါဘုရား)။

http://www.dhammadownload.com



သြော်.... တယ်အဖိုးတန်ပါလား ဒကာဒကာမတို့ — (တန်ပါတယ်)၊အင်မတန် အဖိုးတန်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်လာပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုနေကြမယ်ဆိုရင် ဒိဋ္ဌိသတ်နေတာပဲ.... (မှန်ပါ့)။

ခင်ဗျားတို့ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုနေရင် — (ဒိဋ္ဌိသတ်နေတာပါ)၊ ဒိဋ္ဌိသတ်နေတယ်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဘာတုံး.... (အနိစ္စပါ)၊ ဒိဋ္ဌိသေတဲ့ အနိစ္စ (မှန်ပါ့)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)၊ ရှုတာက.... (မဂ္ဂပါဘုရား)။

ဒီမဂ်က တစ်ခါ ဒိဋ္ဌိသာသတ်သလား၊ ဒိဋ္ဌိတဏှာသာ သတ်သလား၊ ဒကာသစ်ရေ ဥပါဒါန်, ကံပါ သတ်သလား.... (ဥပါဒါန်, ကံပါ သတ်ပါတယ်ဘုရား)၊ ဥပါဒါန်, ကံပါ သတ်တယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကို အနိစ္စမြင်လိုက်ရင်ပဲ နိစ္စဒိဋ္ဌိသေပါပြီ ... (မှန်ပါ့)၊ ဖြစ်ပျက်အနိစ္စ မြင်လိုက်ရင်.... (နိစ္စဒိဋ္ဌိသေပါပြီ)၊ နိစ္စဒိဋ္ဌိ သေပြီဆိုတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့်....ဒကာဒကာမတို့ ဝိပဿနာမဂ်ပင် ဖြစ်လင့်ကစား ဒိဋ္ဌိမသေဘူးလား... (သေပါတယ်)၊တဒင်္ဂသေတယ်ဆိုတာ ဗှတ်လိုက်ပါ (မှန်ပါ့)၊ တဒင်္ဂဆိုတာ ခဏပေါ့ဗျာ.... (မှန်ပါ့ဘုရား)၊ မသေဘူးလား.... (သေပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒိဋ္ဌိတဒင်္ဂသေတယ်၊ ဝိပဿနာ 'သမ္မာဒိဋ္ဌိက သတ်လိုက်တာ ဒိဋ္ဌိက တဒင်္ဂသေပြီဆိုတာကော ထင်ရှားပလား.... (ထင်ရှားပါပြီ)၊ ဥပါဒါန်, ကံကော တဒင်္ဂမသေဘူးလား.... (သေပါတယ်ဘုရား)။

ဟာ ....တဒင်္ဂဖြင့်သေပြီဘုရား....၊တပည့်တော်တို့ ငရဲမျိုးစေ့ တစ်ခု တော့ဖြင့် သတ်နိုင်တဲ့နည်းလမ်း ရမှပါပြီလို့ ဒကာကြွယ် ဆိုရင် လွဲပါ့မလား ..(မလွဲပါဘုရား)၊

ကိုင်း....ဒါလောက်တောင် ဆိုးရွားယုတ်မာတဲ့ဒိဋ္ဌိ ငါအစ ပျောက်ပဲသတ်ပါတော့မယ်လို့ကြိမ်းဝါးလိုက်ပါ (မှန်လှပါ)၊ ဒါက တဒင်္ဂ ဝိပဿနာနည်းနဲ့ သတ်တာ...(မှန်ပါ့)။

ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်မြင်ရင် တဒင်္ဂဝိပဿနာမဂ်နဲ့ သတ်လိုက်တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အဲဒီဖြစ်ပျက်တွေကိုဒကာဒကာမတွေကအမြဲတမ်းရှုပေး .... (မှန်ပါ့)၊ ဘယ်စိတ်လာလာ ဖြစ်ပျက်ရှုနော်.... (မှန်ပါ့)၊ လောဘလာကော.... (ရှုပေးရပါမယ်)၊ဒေါသလာရင်... (ဖြစ်ပျက် ရှုရမှာပါပဲဘုရား)၊ ယုတ်စွအဆုံးဗျာ ကုသိုလ်စိတ်က လေးလာတာတောင်.... (ဖြစ်ပျက်ရှုရမှာပါ)၊မေတ္တာပွါးတဲ့ စိတ် ကလေး လာတာတောင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပေး၊ အကုန်ရှုပါ ဒကာဒကာမတို့ မရှုရင် မတော့်လို့ပါနော်... (မှန်လှပါ့)။

ရှုပေးတဲ့၊နောက်ဆုံးပိတ် ဘာမှမရှိတောင်မှ လေကို ထွက် အောင် အားထုတ်တဲ့စိတ်ကလေး ဘာလုပ်ရမတုံး....(ဖြစ်ပျက် ရှုရပါမယ်) လေကိုပြန်ရှုက်တဲ့ စိတ်ကလေးကော....(ဖြစ်ပျက်

http://www.dhammadownload.com



ရှုရပါမယ်)၊ ဖြစ်ပျက်ရှုရမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကဘာတုံး (အနိစ္စပါ)၊ အနိစ္စဆိုကတည်း က နိစ္စဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား) ရှုတာက.... (မဂ္ဂ ပါဘုရား)။

မဂ္ဂဆိုသဖြင့် ဥပါဒါန်, ကံ မပြတ်သေးဘူးလား.... (ပြတ် ပါတယ်)၊ ကံပြတ်ရင် သွားစရာရှိသေးရဲ့လား.... (မရှိပါ)၊ ဒါကဝိပဿနာမဂ်နဲ့ဖြတ်ပုံ.... (မှန်ပါ)။

ဒီနေ့တော့ အားလို့ ဒကာဒကာမတွေက လာနိုင်ကြ,ပူနိုင် ကြတယ်....(မှန်ပါ)၊ နက်ဖြန်ကျတော့ ခင်ဗျားတို့ တဏှာ ဒိဋ္ဌိ က ဆွဲတာနဲ့ မလာနိုင်တဲ့ပုဂ္ဂိုလ်တွေက အင်မတန် များကြမယ် (မှန်ပါဘုရား)။

အဲဒီတော့ မလာနိုင်တဲ့ ပုဂ္ဂိုလ်အတွက်မှာလဲ ခင်ဗျားတို့ ဆက်ပြီး ရှုပါ....(မှန်ပါဘုရား)။

အဲဒီ ဖြစ်ပျက်ကလေးတွေ ပေါ်တိုင်း ပေါ်တိုင်း ရှုပြီး သကာလ ဘယ်စိတ်လာလာ ဖြစ်ပျက်ရှုနော် (မှန်ပါဘုရား)။

ဖြစ်ပျက်ကလေးတွေရှုရတာ တပည့်တော်တို့ မုန်းတောင် နေပြီဘုရာ့....(မှန်ပါ)၊ ဖြစ်ပျက်ကလေးတွေမြင်ရတာမုန်းတဲ့ ဉာဏ်တောင်လာနေပြီ....(မှန်ပါ)၊ လာလာ, မလာလာ ဒကာ ဒကာမတွေ ရှုမြဲရှုပါ....(မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com

(၄၅)

နောက်ဆုံးပိတ် ငရဲမျိုးစေ့ အမြစ်နဲ့တကွ ပြတ်ရအောင် ဆိုတော့ ဒီဖြစ်ပျက်တွေကို ဒကာ,ဒကာမတွေက အခုနှစ်ဉာဏ် ပြီးသွားပြီနော်... (မှန်ပါ)၊ဖြစ်ပျက်မြင်တာ ယထာဘူတဉာဏ် (မှန်ပါ)၊ ဖြစ်ပျက်မုန်းတာက— (နိဗ္ဗိန္ဒာဉာဏ်ပါ ဘုရား)။

ကဲ....ရှေ့တစ်ဆင့် တက်လိုက်ဦး ဒကာ,ဒကာမတို့နော်.... (မှန်ပါ)၊ ရှေ့တစ်ဆင့် တက်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက် ကလေးတွေကို ဒကာဒကာမတွေဉာဏ်တက်ပေး.... (မှန်လှပါ ဘုရား)။

မုန်းပြီးသည်နောက်ကို မလျှော့နဲ့.... (မှန်ပါ)၊ ဩော်.... ဒါဖြစ် ဒုက္ခ, ပျက်ဒုက္ခဆိုတာ ဒါပဲ(မှန်ပါ)၊နောက်ကျတော့ ဉာဏ်ပြောင်းပေးလိုက်....(မှန်ပါ)၊ ဖြစ်ဒုက္ခ,ပျက်ဒုက္ခ ဆိုတာ (ဒါပါပဲ ဘုရား)၊ ဒါဒုက္ခသစ္စာသိတာ.... (မှန်ပါ)။

ဖြစ်ပျက်တွင်သိတာလား၊ ဒုက္ခကိုသိတာလား.... (ဒုက္ခကို သိတာပါ)၊ အင်း....ဖြစ်ရတာလဲ ဘာပါလိမ့်.... (ဒုက္ခပါ)၊ ပျက်ရတာလဲ.... (ဒုက္ခပါ ဘုရား)။

အဲဒီ ဒုက္ခကလေးတွေချည်းသိတော့ ဩော်....ခန္ဓာကိုယ်ထဲ မှာ ရှောက်ပြီး ကြည့်လိုက်တာ ဒုက္ခချည်း တွေ့ပါလား.... (မှန်ပါ)၊ ဒုက္ခချည်း တွေ့ပါလားလို့ မလာပေဘူးလား (လာပါတယ် ဘုရား)။

အဲ....ဒုက္ခက ဒုက္ခသစ္စာ၊ တွေ့တာက မဂ္ဂသစ္စာ....(မှန်ပါ) ဒုက္ခက....(ဒုက္ခသစ္စာပါ ဘုရား)၊ တွေ့တာက.... (မဂ္ဂသစ္စာပါ ဘုရား)။

http://www.dhammadownload.com



ဒီလိုချည်းပဲ တွေ့နေတဲ့ အခါ လျှလို့ရှိရင် မလျှောနဲ့နော် ဒကာ ဒကာမတို့....(မှန်ပါ)၊ မလျှောဘဲနဲ့ ဩော်....ဒုက္ခ အစစ် ဆိုတာ ဒါပဲကိုး.... (မှန်ပါ)၊ ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာလဲ ဒုက္ခလို့ ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်.... (မှန်ပါ)။

ပိုင်ပိုင်နိုင်နိုင် သိအောင် လုပ်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေက စိတ်ရှုနေပြောသော်လဲ စိတ်နဲ့ ရုပ်နဲ့ သဟဇာတ (မှန်ပါ)၊ သဟဇာတဆိုတာ တကွဖြစ်တာ (မှန်ပါ)၊စိတ်ချုပ် ရင်ရုပ်ချုပ်သွားမယ်(မှန်ပါ)၊ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

စိတ်ချုပ်ရင်.... (ရုပ်ချုပ်ပါမယ် ဘုရား)၊ ရုပ်ချုပ်သွား တာပဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဒီစိတ်တွေ ဒီဒုက္ခသစ္စာကြီးဖြင့် ဖြစ်ဒုက္ခ, ပျက် ဒုက္ခကြီးဖြင့် ဩော်....မရချင်တော့ဘူး၊စိတ်ထဲမှာ ရင့်လာပြီ.... (မှန်လှပါဘုရား)၊ ရှုတဲ့ဉာဏ်မရင့်သေးဘူးလား (ရင့်ပါတယ် ဘုရား)။

ထိုကဲ့သို့ ရှုတဲ့ဉာဏ် ရင့်လာလို့ရှိရင်ဖြင့် ခင်ဗျားတို့ဖြစ်ပျက် ကို ရှာမတွေ့တော့ဘူး.... (မှန်လှပါ)။

ဘာရှာမတွေ့သတုံး (ဖြစ်ပျက်ရှာမတွေ့ပါဘုရား)၊ ဒုက္ခ ပဲ ပိုင်းခြားပြီးပါရော၊ ပိုင်ပိုင်နိုင်နိုင် သိပါရော ဒကာဒကာမ တို့ ဖြစ်ပျက်ရှာတွေ့သေးရဲ့လား....(မတွေ့ပါဘုရား)၊ အဲဒါ ဖြစ်ပျက်ဆုံးတာ(မှန်ပါ)၊ရှင်းပလား....(ရှင်းပါပြီ)၊ဖြစ်ပျက် ဆုံးတာသည် ဒုက္ခ ဆုံးတာ (မှန်ပါ)။

ဖြစ်ပျက်ဆုံးတာသည်ဘာပါလိမ့်(ဒုက္ခဆုံးတာပါဘုရား)၊ ဟာ....ဒုက္ခဆုံးတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီဒုက္ခလဲ ဆုံးပါရော၊ ခြောင်....ဆုံးပေါ့၊ ဆုံးပေါ့၊ ဒုက္ခတွေဆုံးပေါ့ဆိုပြီးသကာလ ခင်ဗျားတို့ ကြည့်သာနေ၊ ကြည့်နေတဲ့ အခါကျလို့ရှိရင်ဖြင့် ဒုက္ခဆုံးတာက နိဗ္ဗာန်၊ ကြည့်နေတာက ပစ္စဝေက္ခဏာဉာဏ် (မှန်ပါ့)။

ဒုက္ခဆုံးတာက.... (နိဗ္ဗာန်ပါဘုရား)၊ ကြည့်နေ တာက ... (ပစ္စဝေက္ခဏာဉာဏ်ပါဘုရား)။

အဲဒီဉာဏ်ရတော့ ခြောင်.... မဂ်ဉာဏ်လဲပြီးပြီ၊ ဖိုလ်ဉာဏ်လဲပြီးပြီ၊ ပစ္စဝေက္ခဏာဉာဏ်လဲ ပြီးပြီဆိုတော့ ဒိဋ္ဌိ ပြုတ်ရင် ဝိစိကိစ္ဆာ အထူးပြုတ်စရာမလို၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ တွဲပြုတ်သွားတယ်....(မှန်ပါ့)။

အဲဒီလို ပြုတ်သွားတော့ ခုနင်က သုဗြဟ္မ နတ်သားမှာလဲ ဒီအတိုင်းလုပ်လို့ ဒကာဒကာမတို့ သွားရမည့်လမ်း သေချာပြီးသားတောင် နတ်သမီးငါးရာနဲ့ သုဗြဟ္မနတ်သား သောတာပန် တည်တယ်၊ မဂ်က ကယ်တင်လိုက်တာ....(မှန်လှပါဘုရား)။

သွားရမှာ သေချာသလား မသေချာဘူးလား.... (သေချာပါတယ်ဘုရား)၊ သူများပြောလား၊ သူတို့ကိုယ်တိုင် မြင်ပြီးသားလား.... (သူတို့ကိုယ်တိုင် မြင်ပြီးသားပါဘုရား)၊ အဲဒါကြောင့် ကယ်တင်နိုင်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒီမှာလဲ ဒကာဒကာမတို့ ခင်ဗျားတို့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလတစ်ခါတည်း ဆုံးအောင်သာလိုက်ပစ်လိုက်....(မှန်ပါ့)၊ ဒါကြီးနဲ့ မနေချင်တော့ဘူးဆိုရင် မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)၊ဆုံးတာသည်အာခေါ်ကြ

http://www.dhammadownload.com



မယ်....(နိဗ္ဗာန်ပါဘုရား)၊ ဆုံးတာကို မြင်တာသည်....(မဂ်ဉာဏ်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီမဂ်ဉာဏ်သည် ဒိဋ္ဌိဝိစိကိစ္ဆာဆိုတဲ့ ငရဲမျိုးစေ့ကို အကုန်သတ်နိုင်တဲ့ဉာဏ် ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ မဂ္ဂင်မှ တစ်ပါး ကယ်မည့် ယူမည့်လူ မရှိဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာရှုကြမလဲလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ–(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ကိုယ့်စိတ်ထဲ ပေါ်တိုင်း ပေါ်တိုင်း ဘာတုံး....(ဖြစ်ပျက် ရှုရပါမယ့်ဘုရား)။

ဘာစိတ်ပေါ်ပေါ် ပုထုဇဉ်ဟာ ပုထုဇဉ်စိတ်ပဲပေါ်မယ်.... (မှန်ပါ့)၊ တခြားစိတ်ကို ရှုစရာလဲ မရှိပါဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ပုထုဇဉ်စိတ် ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမလဲ–(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဒါဖြင့် ပုထုဇဉ်စိတ်က ဖြစ်ပျက်၊ ရှုတာက....(မဂ်ပါဘုရား)။

ပုထုဇဉ်စိတ် ပေါ်တိုင်း ပေါ်တိုင်း ပုထုဇဉ်စိတ်က (ဖြစ်ပျက်ပါဘုရား)၊ ရှုတာက.... (မဂ်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)၊ သေတာက ဒိဋ္ဌိ,တဏှာ.... (မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သုဗြဟ္မနတ်သားနဲ့ နတ်သမီးငါးရာ ဒီအတိုင်းရှုလိုက်တာနဲ့ ဒကာဒကာမတို့ ဘုရားက ဒါမှ တစ်ပါးအားကိုးရာ မရှိဘူးကွဆိုပြီး ရှုလိုက်တာနဲ့ သွားရမည့်ငရဲ သေချာပြီး သားကို မဂ်က ကယ်တင်လိုက်တာနဲ့ နတ်သမီးငါးရာလဲ့ သော

http://www.dhammadownload.com



တာပန် တည်တယ်၊ နတ်သားလဲ သောတာပန် တည်တယ်၊ သွားရသေးရဲ့လား (မသွားရပါဘုရား)။

ဒကာသိုက်တို့၊ ဒကာသစ်တို့ သေသေချာချာ စဉ်းစား၊ သေချာပြီးသား ကယ်တင်နိုင်တာလဲ မဂ္ဂင်ပဲ (မှန်ပါ)။

ဒကာကြွယ် ဘာပါလိမ့် (ရေဲသေချာပြီးသား ကယ်တင်နိုင်တာ မဂ္ဂင်ပါဘုရား)။

သေချာပြီးသားတောင် ကယ်တင်နိုင်တယ်ဆိုတော့ ဒီဒကာ ဒကာမတွေ မသေချာသေးပါဘူး.... (မှန်ပါ)၊ သွားရမှာ တော့ ခင်ဗျားတို့ မဂ္ဂင်အလုပ် မလုပ်ရင်တော့ သွားရမှာပဲ.... (မှန်ပါဘုရား)။

အဲဒါကြောင့် ကိုယ့်ကိုယ်ကို သနားရင်(ကယ်တင်ကြပါ.... (မှန်လှပါ)၊ ဘယ့်နှယ်လဲ ကိုယ့်ကိုယ်ကို သနားရင်(ကယ်တင် ကြပါဘုရား)။

ဟာ.... ဘုန်းကြီးပြောတော့ အလွယ်ကလေး၊ ကိုယ်လုပ် တော့ ခက်တယ်ဘုရာ့ ဖြည်းဖြည်းမှ လုပ်တော့မယ်ဆိုတော့ ဖြည်းဖြည်းမှ ကယ်တင်တော့မယ့် အဓိပ္ပာယ်ရတယ် (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဖြည်းဖြည်းမှ ကယ်တင်တော့ အသေကစောတော့ အပါယ် ရောက်မသွားပေဘူးလား (ရောက်ပါတယ်ဘုရား)၊ အဲဒီတော့ ကယ်တင်တဲ့ဉာဏ်ကလေးကအပါယ်ကျတော့ပေါ်ပါဦးမလား (မပေါ်ပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ကိုယ့်စိတ်ကိုယ် ရှုပါ.... (မှန်စပါဘုရား)၊ ဝိပဿနာဆိုတာ ဘာပါလိမ့်.... (ကိုယ့်စိတ် ကိုယ် ရှုတာပါဘုရား)။

http://www.dhammadownload.com



ကိုယ့်စိတ် ၁-နံပါတ်ကို ၂-နံပါတ်နဲ့ရှု....(မှန်ပါဘုရား)၊ ၁-နံပါတ်က ဖြစ်ပျက်၊ ၂-နံပါတ်က မင်္ဂ (မှန်ပါ)၊ ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုစမ်းပါ (မှန်ပါ)၊ သေချာပလား....(သေချာ ပါပြီဘုရား)။

ရှေ့စိတ်ကို.... (နောက်စိတ်နဲ့ ရှုရပါမယ်ဘုရား)၊ အဲ....ရှေ့ စိတ်က ဖြစ်ပျက်၊ နောက်စိတ်က မင်္ဂပဲ (မှန်ပါ)။

ရှေ့စိတ်က (ဖြစ်ပျက်ပါဘုရား)၊နောက်စိတ်က....(မင်္ဂပါ ဘုရား)။

အဲဒီ မင်္ဂရလို့ရှိရင်ဖြင့် ဒုက္ခအဆုံးပါ မြင်အောင် ရှုပေ တော့ (မှန်လှပါ)၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်ဆုံးတာက ဘာဆိုကြမယ် (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒါ မြင်အောင်သာ လိုက်လို့ရှိရင်ဖြင့် နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာက ခင်ဗျားတို့ကို ရှေးကပြုထားတဲ့ အကုသိုလ်တွေကို လဲ သူတို့က ဖြတ်ပေးလိုက်တယ် (မှန်ပါ)၊ ယခု မသိမလိမ္မာလို့ ဒီဘဝ မိုက်မဲထားတာတွေကော.... (ဖြတ်ပေးပါတယ်ဘုရား)၊ အနာဂတ်မိုက်လတ္တံ့တွေကော (ဖြတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ နောက်က မိုက်ဖြစ်တွေကိုလဲ ဖြေဖျောက်နိုင်တာ မဂ္ဂင် (မှန်ပါ)၊ မိုက်ဆဲတွေ ဖြေဖျောက်နိုင် တာလဲ (မဂ္ဂင်ပါဘုရား)၊ မိုက်လတ္တံ့တွေ ဖြေဖျောက်ကယ်ယူ နိုင်တာလဲ (မဂ္ဂင်ပါဘုရား)။

http://www.dhammadownload.com

( ၅၁ )

အဲဒီတော့ အမိုက်သုံးမျိုးကို ခင်ဗျားတို့ ကယ်ယူပို့ဆောင်နိုင်တာကဖြင့် မဂ္ဂင်ပဲ ရှိသောကြောင့် မဂ္ဂင်အလုပ်မှတစ်ပါး အားကိုးစရာ မရှိဘူးဆိုတာ သေသေချာချာ မှတ်ပြီး ကိုယ့်စိတ်ကိုယ်ရှုပါ (မှန်ပါ့ဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

*

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၄၅/၉၅) (၁)

ထုတ်ဝေသူ - ဦးအောင်ချို၊ (မြ-၀၈၃၁)၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးနန္ဒ၊ (၀၃၅၉၇)၊ သီရိနန္ဒာ ပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။